ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ စနေနေ့၊ (27-8-2005) (၄၇၀၀)

မြို့နယ်၏ လူမှုစီးပွားရေးဘဝ တိုးမြှင့်ခံစားလာရ ပြည်သူတစ်ရပ်လုံး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုး၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးအထောက်အကူပြု

ရန်ကုန် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက်၈နာရီ ၄၅မိနစ်တွင် လားရှိုးမြို့အထွက် သိန်းနီ– လားရှိုးကားလမ်းဘေး မန်မော်ကျေးရွာအနီးရှိ ဘိန်းအစားထိုး သီးနှံဆင်းရှေလီကြံတစ်ဧက တန် ၅၀ စံပြစိုက်ခင်းသို့ ရောက်ရှိသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စိုက်ခင်းအတွင်း တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ဘိန်းအစားထိုးသီးနှံ ဆင်းရှေလီကြံခင်းများကိုလှည့်လည် ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ စိုက်ခင်း၌ ယခုအခါဘိန်းအစားထိုးသီးနှံ ဆင်းရှေလီကြံ ၁၀ ဧကကိုစံပြအဖြစ် စိုက်ပျိုးထားပြီး ထပ်မံ၍ ဧက ၁၀၀ ပြည့်မီသည်အထိ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံ မျိုးစေ့ထုတ်ပြောင်း၊ နေကြာ၊ ပဲစင်းငုံ၊ ကြံစိုက်ပျိုးရေးနှင့် ပျားမွေးမြူရေး စီမံကိန်းသို့ ရောက်ရှိကြပြီး ရှုရပ်မျှော်စင်မှ ဘိန်းအစားထိုး သီးနှံမျိုးစေ့ထုတ်ပြောင်း စိုက်ခင်းဧက ၂၀၀ နှင့် အစေ့ထုတ်ပြောင်းစိုက်ခင်း ဧက ၅၀ တို့၏ သီးပွင့်နေမှုတို့ကို ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စိုက်ခင်းစီမံကိန်းအတွင်း သီးနှံပင်များ၏ အသီးအပွင့်များ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် ဝတ်မှုန်ကူးရန်နှင့် ပျားရည်ထုတ်လုပ်ရန် ပျားအုံ ၅၀၀ စနစ်တကျ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခုလုံး ဘိန်းစိုက်ပျိုးခြင်းထက် အခြားသီးနှံများ စိုက်ပျိုးပါက အလားတူဝင်ငွေမျိုး ရရှိနိုင်သည်ကို တိုင်းရင်းသားပြည်သူများ သိရှိနိုင်ရန်အတွက် စိုက်ပျိုးရေးစခန်းများကို စံနမူနာပြလုပ်ဆောင်နေခြင်းဖြစ်ကြောင်းနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးနေခြင်းမှသည် အလုံးအရင်းဖြင့် စိုက်ပျိုးနိုင်ရန် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သိန်းနီ–ကွမ်းလုံ သဲတောင်ရှောင်ကွင်းလမ်းဖောက်လုပ်ခြင်းလုပ်ငန်းစီမံကိန်းတွင် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၇-၈-၂၀၀၅
(စနေနေ့)

သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ အသုံးပြု
အမျိုးသားနိုင်ငံရေးအသိ နိုးကြားထက်သန်လာရေး စည်းရုံးဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအင်အားစုကြီးဖြစ်သည်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် အစိတ်အပိုင်းတစ်ခုအဖြစ် လက်တွေ့ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်ရေးသန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းလျက်ရှိသည်။

အသင်းကြီးကို စတင်ဖွဲ့စည်းစဉ်ကစပြီး ပြည်သူ့အကျိုးစီးပွားကို ဦးစားပေးသယ်ပိုးလျက်ရှိကြသည့်နည်းတူ အသင်းကြီး၏ မှန်ကန်မွန်မြတ်သည့်ရပ်တည်ချက်၊ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များသည် လူငယ်ထုအတွင်း၊ ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့လျက်ရှိရာ လူတန်းစားအလွှာစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ အသင်းဝင်များ တိုးတက်များပြားလာလျက်ရှိသည်ကို တွေ့ရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက အသင်းဝင်များ အရေအတွက်ရော အရည်အချင်းပါ ပြည့်ဝလာစေရန် လေ့ကျင့်ပျိုးထောင်ပေးနေသည်။ ဗဟိုနှင့်အသင်း အဆင့်ဆင့်ကသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများဖွင့်လှစ်၍ အသင်းဝင်များအား အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းများ ထက်မြက်ရေးအတွက် ပို့ချပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်က ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၁) ဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၂၅ ရက်နေ့က ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းများထက်မြက်ရေး၊ ခံယူချက်၊ ယုံကြည်ချက်၊ သဘောတရား အတွေးအခေါ်အယူအဆများ တိုးတက်မြင့်မားလာရေးအတွက် သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်ပျိုးထောင်ပေးမှုများတွင် အခြေခံသတင်းစာပညာသင်တန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ယနေ့ကာလသည် နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ဖော်ဆောင်လျက်ရှိချိန်ဖြစ်သည်။

နိုင်ငံတော်၏ မှန်ကန်သောဦးဆောင်မှုနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအပါအဝင် ပြည်သူနှင့်တပ်မတော်တို့က နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံတွင် အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သည်။

သို့သော်လည်း ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများက ခေတ်မီနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာကွာဟမှုကို အခွင့်ကောင်းယူပြီး ပြည်ပမီဒီယာများ အကူအညီဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မဟုတ်မမှန် ဝေဖန်ပြောဆို ထုတ်လွှင့်နေကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု မျက်နှာစာအသီးသီးက စိမ့်ဝင်ထိုးဖောက်၍ နည်းလမ်းအမျိုးမျိုးဖြင့် လွှမ်းမိုးခြယ်လှယ်မှုများ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြားသိနေရသည်။

ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် အသင်းကြီး၏ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများနှင့်အတူ နိုင်ငံတော်၏ ပြန်ကြားရေးမဏ္ဍိုင်ကို အထောက်အကူပြုနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ပြည်သူတို့၏ သဘောထားအမှန်၊ ပြည်သူတို့၏အသံကို အလေးထားပြီး လူထုလူတန်းစားအလွှာ နယ်ပယ်အလိုက် အမျိုးသားနိုင်ငံရေးအသိ နိုးကြားတက်ကြွထက်သန်လာရေး စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံသတင်းစာပညာ သင်တန်းဆင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် ဆန့်ကျင်ဘက် အဖျက်သမားများ၏ ဝါဒရေးရာ၊ အယူအဆရေးရာ ထိုးနှက်ချက်များကို ပြတ်ပြတ်သားသား တုံ့ပြန်ချေဖျက်ရင်း အသင်းကြီး၏ ပြန်ကြားရေးမှူးကောင်း၊ စည်းရုံးရေးမှူးကောင်း၊ တည်ဆောက်ရေးမှူးကောင်းများအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ကုမ္ပဏီများ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင် (Qingdao)မြို့တွင် ဩဂုတ် ၁၇ရက်မှ ၂၀ရက်အထိ ကျင်းပသည့် 1st China-ASEAN Eminent Persons Group (EPG Meeting) သို့တက်ရောက်ရန် ရောက်ရှိနေသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ဩဂုတ် ၁၇ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် ခေတ္တတည်းခိုရာ ချင်းတောင်မြို့ Hai Tian Hotelဧည့်ခန်းမ၌ မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများဖြစ်သည့် Chongquing Minmetal & Machinery Import & Export Co., Ltd. ကလည်းကောင်း၊ ညနေ ၃နာရီတွင် Shandong Machinery & Equipment Import & Export Group Corporation ကလည်းကောင်း၊ ဩဂုတ် ၁၈ရက် ဒေသစံတော်ချိန် နံနက် ၇နာရီခွဲတွင် Shandong Boshan Ceramic Co., Ltd. ကလည်းကောင်း၊ ဩဂုတ် ၁၉ရက် ဒေသစံတော်ချိန် နံနက် ၇နာရီခွဲတွင် Tiangsu Pengfei Group ကလည်းကောင်း လာရောက်တွေ့ဆုံသည်။

တွေ့ဆုံ

ဝန်ကြီး ဦးအောင်သောင်းအား ဩဂုတ် ၂၀ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် ပေကျင်းမြို့ ခေတ္တတည်းခိုရာ Hotel Nikko New Century Beijing ဧည့်ခန်းမတွင် China Metallurgical Construction Group (MCC) က လည်းကောင်း၊ ညနေ ၃နာရီခွဲတွင် China National Building Material & Equipment Corporation (CEMEC) ကလည်းကောင်း၊ ညနေ ၄နာရီ ၁၀မိနစ်တွင် China National Technical Import & Export Corporation (CNTIC) က လည်းကောင်း၊ ညနေ ၄နာရီ မိနစ် ၄၀တွင် China Machinery Complete Equipment & Engineering Corporation (CMCC) က လည်းကောင်း၊ ညနေ ၅နာရီတွင် China National Pharmaceutical Foreign Trade Corporation က လည်းကောင်း၊ ညနေ ၅နာရီ ၁၅မိနစ်တွင် China Camc Engineering Co., Ltd. (CAMCE) ကလည်းကောင်း လာရောက်တွေ့ဆုံသည်။

ဝန်ကြီး ဦးအောင်သောင်းအား ဩဂုတ် ၂၁ရက် ဒေသစံတော်ချိန် နံနက် ၇နာရီခွဲတွင် Wai Hung Machineries & Trading Ltd. (Hong Kong) ကလည်းကောင်း၊ နံနက် ၈နာရီတွင် Chenda Chemical Engineering Corporation (CCEC) က လည်းကောင်း၊ နံနက် ၈နာရီခွဲတွင် China Hainan Jiayi Machine I & E Co., Ltd. က လည်းကောင်း၊ နံနက် ၉နာရီတွင် Tianjin Machinery I & E Corporation ကလည်းကောင်း၊ နံနက် ၉နာရီခွဲတွင် China World Best Investment Development Co., Ltd.ကလည်းကောင်း၊ နံနက် ၁၀နာရီတွင် Tsingda Daring Biotechnologies Group ကလည်းကောင်း လာရောက် တွေ့ဆုံသည်။

ဝန်ကြီး ဦးအောင်သောင်းအား ဩဂုတ် ၂၂ရက် နံနက် ၈နာရီတွင် China National Light Industry Concil က လည်းကောင်း၊ နံနက် ၁၀နာရီခွဲတွင် China National Machinery & Equipment I & E Corporation (CMEC) က လည်းကောင်း လာရောက်တွေ့ဆုံကြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ တည်ဆောက်ဆဲ စီမံကိန်းများ၊ ထပ်မံတည်ဆောက်ရန် ညှိနှိုင်းဆောင်ရွက်ဆဲကိစ္စများနှင့် စပ်လျဉ်း၍ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေး၍ ညှိနှိုင်းခဲ့သည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ် ပြည်သူ့သမ္မတနိုင်ငံ China National Pharmaceutical Foreign Trade Corporation **မှ** President Mr. Li Zhixin **နှင့်အဖွဲ့က ဩဂုတ် ၂၀ ရက်တွင် ပေကျင်းမြို့** Hotel Nikko New Century **၌ လာရောက်တွေ့ဆုံစဉ်။**

(စက်မှု-၁)

နယ်စပ်/ စည်ပင်ဝန်ကြီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ရက် မွန်းလွဲ ၂နာရီတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မော်လမြိုင် မြို့နယ်အဆင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာမေးပွဲဆုပေးပွဲကို ဩဂုတ် ၁၂ ရက်က ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းကျင်းပရာ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းက မြို့နယ်အဆင့် ပထမဆုရ မော်လမြိုင် အထက (၇)ဆဋ္ဌမတန်းမှ မခင်ဇာခြည်ဦးအား ဂုဏ်ပြုလွှာနှင့်ဆုချီးမြှင့်စဉ်။

(၁၀၇)

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က မူးယစ်ဆေးဝါးပပျောက်ရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ၁၉၈၉ ခုနှစ်မှစ၍ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ဌာနေညွှန်ကြားရေးမှူး Mr. Bhim Udas က ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်၊ 'ဝ'နှင့် ပတ်ဝန်းကျင်ဒေသများမှ မူးယစ်ဆေးဝါး ပပျောက်ရေး ဆောင်ရွက်နေသည့် တောင်သူများနှင့် မိသားစုများ၏ စားနပ်ရိက္ခာဖူလုံစေရေးအတွက် ၂၀၀၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် စားနပ်ရိက္ခာဖူလုံရေး စီမံကိန်းလုပ်ငန်း အဆင့်ဆင့်နှင့် ၂၀၀၅ ခုနှစ်တွင် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်နေသည့် ဒေသများ၌ စားနပ်ရိက္ခာ ဖူလုံစေရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်တို့နှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(သတင်းစဉ်)

တေရသမအာကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်၊

မဟာသမယ ပရိတ်တရားတော် မေတ္တာဝါဒီ အင်တာနက်တွင် နာကြားနိုင်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (မဟာဒွါရ) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇအဖွဲ့ရ ပြည်တွင်းပြည်ပ သာသနာပြုအကျော် မေတ္တာဝါဒီဆရာတော်ကြီး ဟောကြားသော မဟာသမယ ပရိတ်တရားတော်အား မေတ္တာဝါဒီအင်တာနက်တွင် ဩဂုတ် ၁၇ ရက်မှစတင်၍ ရုပ်/သံ လွှင့်တင်ထားပြီးဖြစ်ရာ ဝက်ဘ်ဆိုက် (www-myittawardiparahita. com) တွင် အချိန်မရွေး ဖမ်းယူနာကြားနိုင်ကြောင်းနှင့် ကွန်ပျူတာရှိသူတိုင်း ကြည့်ရှုနာကြားနိုင်ရန် အင်တာနက်ဝက်ဘ်ဆိုက် စီဒီခွေကို မှာယူနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ် မူကြမ်းပြင်ဆင် ဖြည့်စွက်ရေးသားရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ် (National Plan of Action-NPA) မူကြမ်းပြင်ဆင် ဖြည့်စွက်ရေးသားရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အဖွဲ့ဝင်များဖြစ်ကြသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က "မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်း အစီအစဉ်" (National Plan of Action-NPA) မူကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ်မူကြမ်းကိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ် မူကြမ်း ညှိနှိုင်းအစည်းအဝေးတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး အမှာစကားပြောကြားစဉ်။ (လူမှုဝန်ထမ်း)

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဒေါက်တာကျော်ဆန်း အာရှတိရစ္ဆာန်ဆေးသိပ္ပံပညာ ထူးချွန်ဆု ချီးမြှင့်ခြင်းခံရ

ရန်ကုန် ဩဂုတ် ၂၆

အာရှတိရစ္ဆာန်ဆေးကုတက္ကသိုလ်များအသင်း (The Asian Association of Veterinary Schools) က ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲကို ဩဂုတ် ၂၄ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Maruay Garden Hotel ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ရောဂါဗေဒနှင့် အဏုဇီဝဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာကျော်ဆန်း တက်ရောက်၍ တိရစ္ဆာန်ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် အသားစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် သုတေသနစာတမ်းတစ်စောင်ကို ဖတ်ကြားတင်သွင်းသည်။

အာရှတိရစ္ဆာန်ဆေးကုတက္ကသိုလ်များအသင်းသည် အကောင်းဆုံးစာတမ်းများကို ရွေးချယ်၍ ထူးချွန်ဆုချီးမြှင့်လေ့ရှိရာ ယခုနှစ်တွင် မြန်မာနိုင်ငံမှ ဒေါက်တာကျော်ဆန်း တင်သွင်းသည့် စာတမ်းနှင့် အခြားတက္ကသိုလ်များမှ ပညာရှင်များ တင်သွင်းသည့် စာတမ်းသုံးစောင်သည် အကောင်းဆုံးစာတမ်းများအဖြစ် ရွေးချယ်ခံရသဖြင့် ဒေါက်တာကျော်ဆန်းအား အာရှတိရစ္ဆာန်ဆေးသိပ္ပံပညာထူးချွန်ဆု (Asian Veterinary Science Prize, Hill's Award) နှင့် ဂုဏ်ပြုငွေ ဂျပန်ယန်းတစ်သိန်း ချီးမြှင့်ခြင်းခံရကြောင်း သိရှိရသည်။

၂၀၀၄ခုနှစ်တွင် အာရှတိရစ္ဆာန်ဆေးကုတက္ကသိုလ်များအသင်းက ချီးမြှင့်သည့် အာရှတိရစ္ဆာန်ဆေးသိပ္ပံပညာ ထူးချွန်ဆုကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဒေါက်တာမြင့်သိန်းက ရရှိခဲ့ပြီး ယခုနှစ်တွင် ဒေါက်တာကျော်ဆန်းက ထပ်မံရရှိသဖြင့် မြန်မာနိုင်ငံမှ နှစ်နှစ်ဆက်တိုက် ထူးချွန်ဆု ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။ ဒေါက်တာကျော်ဆန်းသည် ၂၀၀၃ခုနှစ်တွင် ဂျာမနီနိုင်ငံ Hannover School of Veterinary Medicine မှ ပါရဂူဘွဲ့(Ph.D)ကို ရရှိခဲ့သူဖြစ်သည်။ (သတင်းစဉ်)

မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ (ယခင်) ဖလပ်အရှေ့မင်းကျောင်း အမက(၁) ဖလပ်မှ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ၊ ဆရာမ ၁၇ဦးအား မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဦးတင်ထွဋ် ဘူတာလမ်းထိပ် ဇင်းကျိုက်ကျေးရွာ၊ ဦးဟန်စိန် ပြင်ဦးလွင်ကဖီး ဖလပ်ဈေးဟောင်း ဇင်းကျိုက်၊ ဦးစိန်အောင်ကြည် အမှတ်(၆) စံရိပ်ငြိမ်လမ်းသွယ် လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၀၀၁၂၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၆

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီက ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ဝန်ထမ်းနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၆ရက် နံနက်ပိုင်းတွင် ချောင်းဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချောင်းဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြီးက အမှာစကားပြောကြားပြီး ပညာသင်စရိတ်ထောက်ပံ့ငွေ စုစုပေါင်းငွေ ကျပ် ၃၄၄၀၀၀ ကို မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး၏ဇနီးက ပေးအပ်ရာ ဝန်ထမ်းမိသားစုများကိုယ်စား ဝန်ထမ်းတစ်ဦးက လက်ခံရယူသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီက ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ဝန်ထမ်းနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားတွင် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၃၄၄၀၀၀ ကို မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး၏ဇနီးက ပေးအပ်ရာ ဝန်ထမ်းမိသားစုများ ကိုယ်စား ဝန်ထမ်းတစ်ဦးက လက်ခံစဉ်။ (ပြန်/ဆက်)

ဩဂုတ် ၂၀ ရက်က လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ဆုနှင်းသဘင် အခမ်းအနားကို ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ မလဲ့ရည်မောင်မောင်အား မြို့နယ် ပညာရေးမှူး ဒေါ်မြင့်ရီက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဂွါတာနာမိုမှ လွတ်မြောက်လာသူ စိတ်ရောဂါခံစားနေရ

တီဟီရန် ဩဂုတ် ၂၅

ဂွါတာနာမိုပင်လယ်ကွေ့ အကျဉ်းစခန်းမှ လွတ်မြောက်လာသည့် အီရန်နိုင်ငံသားတစ်ဦးသည် ယင်းအကျဉ်းစခန်းအတွင်း ညှဉ်းပန်းနှိပ်စက်မှုခံခဲ့ရသည့်အတွက်ကြောင့် စိတ်ရောဂါ ခံစားနေရကြောင်းအီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းအကျဉ်းစခန်းမှ လွတ်မြောက်လာသည့် အီရန်အမျိုးသား မိုဟာမက်အနူအာကော့သည် အကျဉ်းစခန်းအတွင်း နှိပ်စက်မှုကြောင့် ရရှိခဲ့သည့် စိတ်ရောဂါ ပျောက်ကင်းရေးအတွက် ဆေးကုသခွင့် ရရှိရန်လိုအပ်နေသည်ဟု ဖော်ပြပါ ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဆက်ဖီက ပြောကြားသည်။

ဂွါတာနာမိုအကျဉ်းစခန်းအတွင်း လူမဆန်သည့်ပြုမူမှုနှင့် အကျဉ်းသားများ၏ဘဝအခြေအနေများကြောင့် စိတ်မူမမှန်မှုနှင့် စိတ်ပိုင်းဆိုင်ရာဝေဒနာများ ခံစားနေရသည်ဟုအကဲဖြတ်ထားကြောင်း အစိုးရအာဘော်တစ်ပိုင်းအစ္စနာသတင်းဌာနက အဆက်ဖီအား ကိုးကား၍ ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့၌ ဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသွားသောသားငယ်နှစ်ဦးကို ကင်ဒီဆေးရုံ၌ ဆေးဝါးကုသမှု ခံယူပြီးနောက် ဖခင်က အိမ်သို့ ပြန်လည် ခေါ်ယူလာသည်ကို ဩဂုတ်၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဇာဘိုင်ဂျန်၌ ကန်စစ်အခြေစိုက်စခန်းခွင့်ပြုရေး အစီအစဉ်မရှိဟု သမ္မတအလီယက် ပြောကြား

မော်စကို ဩဂုတ် ၂၅

အဇာဘိုင်ဂျန်အစိုးရအနေဖြင့် မိမိနိုင်ငံအတွင်း အမေရိကန် စစ်အခြေစိုက်စခန်း ဖွင့်လှစ်ရန်အတွက် ခွင့်ပြုမည့် အစီအစဉ်များမရှိကြောင်း သမ္မတအလီယက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ပြည်ပ စစ်အခြေစိုက်စခန်းများ အဇာဘိုင်ဂျန် နယ်မြေပိုင်နက်တွင် တည်ဆောက်မည့် သတင်းများမှာ အခြေအမြစ်မရှိကြောင်း အလီယက်က မီဒီယာသတင်းဌာနအား ပြောကြားသည်။

ကော့ကေဆပ်ဒေသရှိ အဇာဘိုင်ဂျန်နိုင်ငံတွင် စစ်အခြေစိုက်စခန်း တည်ထောင်မှုနှင့် ပတ်သက်၍ အဇာဘိုင်ဂျန်အစိုးရနှင့် အမေရိကန် အစိုးရက တွေ့ဆုံဆွေးနွေးခြင်းမရှိခဲ့ဟုအင်တာဖက်သတင်းဌာနက သမ္မတအလီယက်အား ကိုးကား၍ ဖော်ပြသည်။

ကောင်းမွန်

ပြည်ပစစ်အခြေစိုက်စခန်းများကြောင့် နိုင်ငံ၏ တည်ငြိမ်မှုအတွက် ကောင်းမွန်မှု မရှိသောကြောင့် မည်သည့်နိုင်ငံစစ်အခြေစိုက်စခန်းကိုမျှ အဇာဘိုင်ဂျန်တွင် တည်ထောင်ခွင့်ပေးမည်မဟုတ်ဟု အလီယက်က ပြောကြားသည်။

အဇာဘိုင်ဂျန်အစိုးရ၏ ပထမဦးစားပေး လက်ရှိအစီအစဉ်မှာ အိမ်နီးချင်း အာမေနီးယားနိုင်ငံနှင့်နယ်မြေပိုင်နက်အငြင်းပွားမှု ပြဿနာဖြေရှင်းပေးရေးပင် ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ကြေညာ

ဥဇဘက်ကစ္စတန်က ယင်းဒေသရှိ လေတပ်အခြေစိုက်စခန်း ပိတ်ပင်ရန် အမေရိကန်အစိုးရအား ရက် ၁၈၀ အချိန်ပေးထားကြောင်း လွန်ခဲ့သည့် ဇူလိုင်လကုန်က ကြေညာခဲ့သည်။

ယင်းနောက် အမေရိကန်က အဇာဘိုင်ဂျန်ရှိ လေတပ်အခြေစိုက်စခန်းသို့ ယင်း၏ တပ်ဖွဲ့ဝင်အချို့ ပြန်လည်ဖြန့်ကြက်ဖွယ်ရှိကြောင်း အတည်မပြုရသေးသည့် သတင်းများအရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြောက်ကျားများက အီရတ်ရဲစစ်ဆေးရေးဂိတ်ကို ဝင်ရောက်တိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၂၅

လက်နက်အပြည့်ကိုင်ဆောင်ထားကြသည့် ပြောက်ကျားများက ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းရှိ အီရတ်ရဲစစ်ဆေးရေးဂိတ်အား ဒုံးပစ်လောင်ချာများဖြင့် ဗုဒ္ဓဟူးနေ့တွင် ပစ်ခတ်ကြရာ ပြင်းထန်သောတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

တိုက်ခိုက်

ပြောက်ကျား ၄၀ ခန့်သည် အဆိုပါစစ်ဆေးရေးဂိတ်အားရော့ကက်ဒုံးကျည်များ၊ ရိုင်ဖယ်သေနတ်များဖြင့် တိုက်ခိုက်ပြီးခဲ့သည့်နောက်မကြာမီ ဟေးအယ်လ်အမ်မာမြို့လမ်းမများပေါ်တွင်လက်နက်များဝေ့ယမ်းနေသည်ကို မြင်တွေ့ကြရသည်။

ပေါက်ကွဲသံကြား

ယင်းတိုက်ခိုက်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့မှ မော်တော်ယာဉ် ခြောက်စီးမီးလောင်ပျက်စီးပြီး ပေါက်ကွဲသံများ ကြားခဲ့ရကြောင်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသူ ရိုက်တာသတင်းဌာနမှ ဓာတ်ပုံဆရာတစ်ဦးက ပြောကြားသည်။

အီရတ်ရဲတပ်ဖွဲ့က ပြောက်ကျားများ၏ တိုက်ခိုက်မှုကို တွန်းလှန်နိုင်ရန်အတွက် အမေရိကန် တပ်ဖွဲ့များအား တပ်ကူ ခေါ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဟေးအယ်လ်-အမ်မာမြို့သည် အမီရီယာခရိုင်နှင့်နီးကပ်ပြီး ဆွန်နီတွန်းလှန်တိုက်ခိုက်ရေးသမားများ လွှမ်းမိုးခဲ့သည့်နှစ်နှစ်က ခိုအောင်းရာ ခြေကုတ်စခန်းဖြစ်ခဲ့သည်။

ဖမ်းဆီး

အီရတ်လုံခြုံရေးတပ်ဖွဲ့က အမီရီယာနှင့် ဂါဇီလီယာဒေသတို့တွင် အင်္ဂါနေ့က ဝင်ရောက်စီးနင်းခဲ့ပြီးပြောက်ကျားဂိုဏ်းခေါင်းဆောင်များဟုသင်္ကာမကင်းသူများကို ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဆိုင်းနိုင်းဒေသတွင် ဗုံးပေါက်ကွဲ အီဂျစ်ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိ

အစ္စမေးလီးယား(အီဂျစ်) ဩဂုတ် ၂၅

ပင်လယ်နီကမ်းခြေ အနားယူစခန်းကို လွန်ခဲ့သည့်နှစ်က ဗုံးခွဲတိုက်ခိုက်ခဲ့သည့် အုပ်စုအား ရှာဖွေစဉ်အတွင်း ဆိုင်းနိုင်းဒေသတွင် ဗုံးပေါက်ကွဲမှု ဗုဒ္ဓဟူးနေ့က ဖြစ်ပွားရာ သံချပ်ကာယာဉ်တစ်စီး ပျက်စီးပြီး အီဂျစ်ရဲတပ်ဖွဲ့ဝင် သုံးဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် လုံခြုံရေးတာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

ပေါက်ကွဲမှုသည် ပြင်းထန်ပြီး သံချပ်ကာယာဉ်အောက်မှမြေမြှုပ်မိုင်း ပေါက်ကွဲဖွယ်ရှိကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားကြောင်း၊ ရဲတပ်ဖွဲ့ဝင် ၃၅၀၀ ခန့်နှင့် သံချပ်ကာယာဉ်အစီး ၂၀ တို့ ယင်းစစ်ဆင်မှုတွင် ပါဝင်ခဲ့ကြကြောင်း ဆက်လက် ပြောကြားသည်။

ယင်းပေါက်ကွဲမှုသည် ဆိုင်းနိုင်းကျွန်းဆွယ် အရှေ့မြောက်ဒေသတွင် ဖြစ်ပွားခဲ့သည်။

မသိရသေး

မြေမြှုပ်မိုင်းသည် လောလောလတ်လတ်ထောင်ထားသည့်မိုင်း သို့တည်းမဟုတ် ပြီးခဲ့သည့် စစ်ပွဲများက ကျန်ရစ်ခဲ့သောမိုင်း ဟုတ်၊ မဟုတ် ရှင်းလင်းပြတ်သားစွာ မသိရသေးပေ။ ဆိုင်းနိုင်းဒေသအချို့တွင် အစ္စရေးတပ်ဖွဲ့က ဆိုင်းနိုင်းကျွန်းဆွယ် သိမ်းပိုက်စဉ်က မြှုပ်ထားခဲ့သည့်မိုင်းများ ယခုတိုင်ရှိနေသေးသည်။

ဒဏ်ရာရ

ယင်းမိုင်းကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။ သို့ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ရဲတပ်ဖွဲ့ဝင် ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ဗုံးဖောက်ခွဲမှု ခုနစ်ကြိမ် ပြုလုပ်ခဲ့သည့် ဆိုင်းနိုင်းဒေသမှ ခြေသလုံးအိမ်တိုင် နေထိုင်ကြသော အာရပ်လူမျိုးအုပ်စုကို ရဲတပ်ဖွဲ့က သင်္ကာမကင်းဖြစ်လျက်ရှိသည်။***အမ်အင်အေ၊ရိုက်တာ။***

ဆိုမာလီတွင် ကလေးသေဆုံးမှု များပြား အသက်ငါးနှစ်မပြည့်မီ ကလေးသေဆုံးသူ လေးပုံတစ်ပုံရှိ

နိုင်ရိုဘီ ဩဂုတ် ၂၅

ဆိုမာလီနိုင်ငံတွင် ကလေး ၁၀ ဦး မွေးဖွားလျှင် မွေးဖွားပြီးချင်း တစ်ဦးအထက် သေဆုံးပြီး ကျန်ကလေးများ၏ လေးပုံတစ်ပုံမှာ အသက်ငါးနှစ်မပြည့်မီ သေဆုံးလျက်ရှိကြောင်း၊ ကမ္ဘာတွင် ဆိုမာလီနိုင်ငံသည် ကလေးသေဆုံးမှုအများဆုံးနိုင်ငံတွင် ပါဝင်ကြောင်း ကျန်းမာရေး စေတနာ့ဝန်ထမ်းတစ်ဦးက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ အာဖရိကဦးချိုဒေသဖြစ်သော ဆိုမာလီတွင် ၁၉၉၁ ခုနှစ်က စတင်၍ ဗဟိုအစိုးရ မရှိမှုကြောင့် ထိုဒေသတွင် ရက်စက်မှုများ လွှမ်းမိုးကာ အခြေအနေ ဆိုးရွားလာခဲ့သည်ဟု နယ်ခြားမဲ့ ဆရာဝန်များအဖွဲ့ (အမ်အက်စ်အက်ဖ်) က ပြောကြားသည်။

ဆိုမာလီတွင် ကလေးများသေဆုံးရခြင်း၏ အဓိကအကြောင်းရင်းမှာ အာဟာရချို့တဲ့မှု၊ ရေကြောင့်ဖြစ်ပွားသော ဝမ်းလျှောရောဂါ၊ ကျန်းမာရေး ကုသမှုနှင့် အလှမ်းဝေးခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် အခြေခံအဆောက်အအုံ ယိုယွင်းမှုစသည်တို့ကြောင့်ဖြစ်သည်ဟု ဆိုမာလီရှိ အမ်အက်စ်အက်ဖ်အဖွဲ့ခေါင်းဆောင် ကိုလင်မီလ်ရာဗီကပြောဆိုခဲ့သည်။ ကမ္ဘာတွင်ဆိုမာလီနိုင်ငံသည် ကလေးသေဆုံးမှုအများဆုံးဖြစ်ကြောင်း အမ်အက်စ်အက်ဖ်၏ ထုတ်ပြန်ချက် စာရင်းဇယားများကို ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြောက်ပိုင်းတွင်ဗုံးဖောက်ခွဲမှုဖြစ် လူခြောက်ဦးသေဆုံး

ဘာကူဘာ(အီရတ်) ဩဂုတ် ၂၅

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြောက်ပိုင်းဒေသရှိ ပူးတွဲညှိနှိုင်းရေးဌာနတွင် ခုခံဆန့်ကျင်ရေးသမားက ဗုံးဖောက်ခွဲရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၊ အမေရိကန်ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးနှင့် အီရတ်လုံခြုံရေးအစောင့်လေးဦးတို့ အင်္ဂါနေ့က သေဆုံးခဲ့ကြကြောင်းဖြင့် အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဘာကူဘာမြို့တွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာတွင်လည်း အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး၊ အီရတ်ရဲအရာရှိလေးဦးနှင့် အီရတ်အရပ်သားခြောက်ဦးတို့ ဒဏ်ရာရရှိသွားကြောင်း ကြေညာချက်တွင် ပါရှိသည်။

ယင်းကဲ့သို့သော တိုက်ခိုက်မှုများပေါ်ပေါက်နေခြင်းကြောင့် အီရတ်အစိုးရအား ဖြုတ်ချရန် ကြိုးပမ်းနေသည့် ပြောက်ကျားများက အီရတ်စစ်ဘက်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွင်း စိမ့်ဝင်ထိုးဖောက်နေပြီဆိုသော စိုးရိမ်မကင်းမှုများ ပိုမိုတိုးပွားလာစေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တွင် ဆရာဝန် ၄၀၀ ကျော် ကန်တို့ကျူးကျော်ပြီးနောက် သတ်ဖြတ်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၂၅

ဆက်ဒမ်ဟူစိန်အစိုးရလွန် ကာလနောက်ပိုင်းတွင် အီရတ်နိုင်ငံမှ ဆရာဝန် ၄၀၀ ကျော် လုပ်ကြံသတ်ဖြတ်ခံရ သို့တည်းမဟုတ် ပြန်ပေးဆွဲခံရကြောင်း အယ်လ်-ဆာဘားသတင်းစာက တနင်္လာနေ့တွင် ရေးသားလိုက်သည်။

အစိုးရဟောင်းလွန် ကာလနောက်ပိုင်း၌ အီရတ်နိုင်ငံတွင် ပြည်ပနှင့် အဆက်အသွယ်ရှိသည့် အကြမ်းဖက်သမားများက ဆရာဝန် ၅၂ ဦးအား စနစ်တကျစီစဉ်၍ လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ယင်းကာလအတွင်းတွင်ပင် အထူးကုဆရာဝန်နှင့် သင်တန်းပို့ချနေသည့် ဆရာဝန် ၃၄၈ ဦးကို ပြန်ပေးဆွဲခဲ့ကာ ခြိမ်းခြောက်ငွေတောင်းခံခဲ့သည်ဟု အဆိုပါသတင်းစာက ကျန်းမာရေးဝန်ကြီးဌာန သတင်းရပ်ကွက်အား ကိုးကား၍ ရေးသားသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်ဝင်ရောက်ပြီးသည်မှစ၍ အီရတ်နိုင်ငံသည် လူမှုရေးဆိုင်ရာ ဝရုန်းသုန်းကားဖြစ်သည့် အခြေအနေနှင့် ကြုံတွေ့နေရသည်မှာ နှစ်နှစ်ပင်ကျော်ခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် မီးခိုးလုံးများ တက်နေသည်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာရှနှင့်လက်တင်အမေရိက ဆက်ဆံရေး တိုးတက်မည့် အလားအလာ များစွာရှိ

စင်ကာပူ ဩဂုတ် ၂၅

အာရှနှင့်လက်တင်အမေရိက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိန်းထားနိုင်မည်ဟု မျှော်လင့်ရသည့်အတွက် ဤဒေသနှစ်ခု ဆက်ဆံရေးကို မြှင့်တင်ရန် အလားအလာများစွာရှိကြောင်း စင်ကာပူဒုတိယဝန်ကြီးချုပ် အက်စ်ဂျာရာကူးမားက အင်္ဂါနေ့တွင်ပြောကြားလိုက်သည်။

အရှေ့အာရှ-လက်တင် အမေရိက ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်(ဖီးလက်) အရ ကျင်းပသည့် ဖိုရမ်ဖွင့်ပွဲတွင် စင်ကာပူ ဒုတိယဝန်ကြီးချုပ် ဂျာရာကူးမားက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ပိုမိုခိုင်မာ

ကုန်ပစ္စည်းဝယ်လိုအား လျင်မြန်စွာကောင်းလာခြင်းကြောင့် လက်တင်အမေရိက-အာရှ ကုန်သွယ်ရေး သိသိသာသာ တိုးလာကြောင်း၊ ဒေသနှစ်ခုကြား နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုများ တိုးတက်ရရှိခြင်းက ထိုသို့သော စီးပွားရေး ဆက်ဆံမှုများကို ပိုမိုခိုင်မာစေကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

အပြန်အလှန် ပိုမိုနားလည်စေရန်နှင့် စီးပွားကုန်သွယ်လုပ်ငန်း မြှင့်တင်ရန် ဒေသနှစ်ခုအတွင်း၌ နိုင်ငံများအနေဖြင့် ကိုယ့်ကိုယ်ကိုယ် ဈေးကွက်ကောင်းများမြှင့်ရန် ဖန်တီးပေးဖို့လိုကြောင်း စင်ကာပူ ဒုတိယဝန်ကြီးချုပ် ဂျာရာကူးမားက တိုက်တွန်းလိုက်သည်။

တရုတ်၊ အိန္ဒိယနှင့် ကျန်အာရှနိုင်ငံများသို့ လက်တင်အမေရိက ကုမ္ပဏီများအနေဖြင့် ဝင်ရောက်ရာတွင် အရှေ့တောင်အာရှနိုင်ငံများမှ ဝင်ပေါက်ကြားစခန်းဖြစ်လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဂိုင်ဂျာထရာ ပွဲတော်တွင် ပါဝင်ဆင်နွှဲသူများကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း ဝင်ငွေတိုးတက်ရရှိစေရေး အင်ဒိုနီးရှား အနုပညာနှင့်ယဉ်ကျေးမှုနှစ် သတ်မှတ်

ဂျကာတာ ဩဂုတ် ၂၅

အင်ဒိုနီးရှားအစိုးရအဖွဲ့သည် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း ဝင်ငွေတိုးတက်ရရှိလာစေရန် ရည်ရွယ်လျက် ၂၀၀၅-၂၀၀၆ ခုနှစ်ကို အင်ဒိုနီးရှား အနုပညာနှင့်ယဉ်ကျေးမှုနှစ်အဖြစ် သတ်မှတ်လိုက်ကြောင်း ဂျကာတာပို့စ်သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

ခင်းကျင်းပြသ

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယူနိုသည် အနုပညာနှင့် ယဉ်ကျေးမှုပွဲတော်ကို မြို့တော် ဂျကာတာတွင် တနင်္ဂနွေနေ့က ဖွင့်လှစ်ပေးလိုက်သည်။ အဆိုပါ ပွဲတော်တွင် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်ပေါင်း ၃၂ ပြည်နယ်မှ အနုပညာလက်ရာများနှင့် အနုပညာတင်ဆက်မှုများကို ခင်းကျင်းပြသမည်ဖြစ်သည်။

ကြေညာ

မိမိသည် ၂၀၀၅-၂၀၀၆ ခုနှစ်ကို အင်ဒိုနီးရှား အနုပညာနှင့် ယဉ်ကျေးမှုနှစ်အဖြစ် ထုတ်ပြန်ကြေညာလိုက်ကြောင်း သမ္မတယူဒိုယူနိုက ပြောကြားသည်။

ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ သက်ဆိုင်ရာ ခရိုင်နယ်မြေများတွင် ဒေသ၏ အနုပညာနှင့် ယဉ်ကျေးမှုမြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်သင့်ကြောင်း ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန အတွင်းဝန်ချုပ် ဆတ်ပတားနီဝန်ဒါက အနုပညာနှင့်ယဉ်ကျေးမှုပွဲတော် အခမ်းအနားတွင် ပြောကြားသည်။ အနုပညာနှင့်ယဉ်ကျေးမှုပွဲတော် ခင်းကျင်းပြသရခြင်း၏ ရည်ရွယ်ချက်မှာ အင်ဒိုနီးရှားနိုင်ငံအတွင်း ပြည်တွင်းနှင့်ပြည်ပမှ အလည်အပတ်ခရီး သွားလာမှု တိုးပွားလာစေရန်ဖြစ်ကြောင်း၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇင်ဘာဘွေနိုင်ငံတွင် ကလေးမွေးဖွားနှုန်း ကျဆင်း

ဟာရာရေး ဩဂုတ် ၂၅

ဇင်ဘာဘွေနိုင်ငံတွင် ကလေးမွေးဖွားမှုနှုန်းသည် ဆက်လက်ကျဆင်းလျက်ရှိကြောင်း၊ အမျိုးသမီးတစ်ဦးလျှင် ပျမ်းမျှခြင်းဖြင့် ကလေးနှစ်ဦးသာ မွေးဖွားခြင်းကြောင့်ဖြစ်ကြောင်း ဗဟိုအစိုးရအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

အဆိုပါနိုင်ငံတွင် ၁၉၆၀ပြည့်လွန်နှစ်များတွင် အမျိုးသမီးတစ်ဦးလျှင် ကလေးရှစ်ဦးမျှ မွေးဖွားနှုန်းဖြစ်ခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ၁၉၈၀ ပြည့်လွန်နှစ်တွင် အမျိုးသမီးတစ်ဦးလျှင် ကလေးခုနစ်ဦးခန့်သာ မွေးဖွားခဲ့သည်။

ထိုအချိန်မှ စတင်၍ ကလေးမွေးဖွားနှုန်း စတင်ကျဆင်းလာရာ နောက်ဆုံးသန်းခေါင်စာရင်း ကောက်ယူချက်များအရ၁၉၉၀ပြည့်လွန်နှစ်များတွင်ကလေးမွေးဖွားနှုန်းသည် ၅၁သမ၄၊ ၂၀၀၂ ခုနှစ်တွင် ၃၁သမ၆သာ မွေးဖွားခဲ့သည်ဟု ဟီရယ်ဒ်ဒေသတွင်းသတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖရိကဒေသမှ အငတ်ဘေးကြုံနေရသော နိုင်ဂျာနိုင်ငံတွင် ရိက္ခာ ထောက်ပံ့ရေးစခန်း၌ လာရောက် ထုတ်ယူနေကြသူများကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုကျိုဒေသသို့ မာဝါတိုင်ဖုန်းမုန်တိုင်း ကျရောက်ဖွယ်ရှိ

တိုကျို ဩဂုတ် ၂၅

အင်အားပြင်းသော တိုင်ဖုန်းမုန်တိုင်းတစ်ခုသည် ဂျပန်နိုင်ငံသို့ ဦးတည်နေရာ လူဦးရေများပြားသော မြို့တော်ဆီသို့ ရက်သတ္တပတ်နှောင်းပိုင်းတွင် တိုက်ခတ်နိုင်ဖွယ်ရာရှိသည်။ သို့သော် မြို့တော်သို့ မုန်တိုင်းကျရောက်ချိန်တွင် အင်အားလျော့နည်းမည်ဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ဗုဒ္ဓဟူးနေ့က ထုတ်လွှင့်ပြောကြားခဲ့သည်။

ဝါကာယာမာဒေသ၏ တောင်ဘက်ကီလိုမီတာ ၅၅၀ အကွာနေရာတွင် နံနက် ၉ နာရီ၌ မာဝါတိုင်ဖုန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီး တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းနှင့် မြောက်ဘက်ဆီသို့ ဦးတည်တိုက်ခတ်လျက်ရှိသည်။ ထိုအချိန်တွင်ရှိနေသော လေတိုက်ခတ်နှုန်းသည် တစ်နာရီလျှင် ၁၄၄ ကီလိုမီတာနှုန်းအထိ မြင့်မားကြောင်း မိုးလေဝသဌာန တာဝန်ရှိသူက ခန့်မှန်းပြောဆိုခဲ့သည်။

အဆိုပါ မာဝါမုန်တိုင်းသည် ကြာသပတေးနေ့ နှောင်းပိုင်း သို့မဟုတ် သောကြာနေ့အစောပိုင်းတွင် တိုကျိုဒေသ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာနိုင်သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အဆိုပါ တိုင်ဖုန်းမုန်တိုင်းသည် တစ်နာရီလျှင် အများဆုံး လေတိုက်ခတ်နှုန်းသည် ကီလိုမီတာ ၁၀၀ နှုန်းဖြင့်သာ တိုက်ခတ်၍ အင်အားနည်းသွားပြီး အပူပိုင်းမုန်တိုင်းအဖြစ်သို့ ပြောင်းလဲသွားနိုင်ကြောင်း ၎င်းက ထပ်မံ ပြောဆိုခဲ့သည်။

မာဝါသည် မလေးဘာသာစကားအရ ပန်းတစ်မျိုး၏အမည်ဖြစ်ကြောင်း၊ အဆိုပါ မုန်တိုင်းသည် ဂျပန်နိုင်ငံမြောက်ဘက်ဟွန်ရှူးကျွန်းသို့ဝင်ရောက်နိုင်ကြောင်းလည်း ခန့်မှန်းခဲ့သည်။

ဂျပန်နိုင်ငံ၏ အဓိကကျွန်းများသို့ နှစ်စဉ် တိုင်ဖုန်းမုန်တိုင်းသည် ပျမ်းမျှခြင်းအားဖြင့် နှစ်ကြိမ်မှ သုံးကြိမ် ကျရောက်လေ့ရှိသည်။ သို့သော် ၂၀၀၄ ခုနှစ်တွင် အဆိုပါ မုန်တိုင်းကျရောက်ရာဒေသများတွင် တိုင်ဖုန်းမုန်တိုင်း ၁၀ ကြိမ်ကျရောက်ခဲ့ကြောင်း မှတ်တမ်းတစ်ခုအရ သိရှိရသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာသတင်းများ

ကမ္ဘောဒီးယားသို့လာရောက်လည်ပတ်သူ ပိုမိုများပြားလာ

ဖနောင်ပင် ဩဂုတ် ၂၅

ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်မှုသည် ယခုနှစ် ပထမခုနစ်လအတွင်း၌ ပိုမိုများပြားလာသည်။

ထိုနိုင်ငံသို့ လာရောက်လည်ပတ်သူများသည် ဇန်နဝါရီလမှ ဇူလိုင်လအထိ ၇၉၄၅၄၇ ဦးရှိပြီး၊ ၂၀၀၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၃၈ ဒသမ ၃၈ ရာခိုင်နှုန်းပိုမိုလာကြောင်း ကမ္ဘောဒီးယား ခရီးသွားဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သော စာရင်းများအရ သိရသည်။

ခရီးသွားဧည့်သည်များ စာရင်းတွင် ကိုရီးယားနိုင်ငံမှ ၁၂၄၃၂၃ ဦးနှင့် ဧည့်သည်လာရောက်မှု စာရင်းတွင် ယခုတိုင် ထိပ်ဆုံးမှာရှိနေပြီး ဂျပန်နိုင်ငံမှ ၆၇၃၆၀ နှင့် အမေရိကန်နိုင်ငံမှ ၆၅၄၉၃ ဦးရှိသည်။

ကမ္ဘောဒီးယားနိုင်ငံအတွက် ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားငွေရရှိရန် အဓိကစီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည်။

၂၀၀၄ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက် လည်ပတ်သူပေါင်းသည် ၁ ဒသမ ၀၅သန်းကျော်ရှိပြီး၊ အဆိုပါလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၇၇၇ သန်းခန့် ဝင်ငွေရရှိခဲ့သည်။

ထိုနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၂၀၁၀ ပြည့်နှစ်ထိ ရာခိုင်နှုန်းအားဖြင့် ၂၅ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်းထိ ဆက်လက်မြင့်တက်နေမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ကြိုတင်ထားသည်။

၂၀၀၆ ခုနှစ် တွင် ကင်းဒန်စ်ဒေသသို့ လာရောက် လည်ပတ်သူများ ဦးရေမှာ ၁ ဒသမ ၅ သန်းရှိမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ရှန်ကျင့်မြို့၌ ယာဉ်တိုက်မှုဖြစ်ပွား၊ ၁၈ ဦး သေဆုံး

ရှန်ကျင့် ဩဂုတ် ၂၅

တရုတ်နိုင်ငံ ရှန်ကျင့်မြို့လယ်ကောင်ရှိ လမ်းသွားလမ်းလာများသောလမ်း၌ အင်္ဂါနေ့ညပိုင်းတွင် အလတ်စားအရွယ် ဘတ်စ်ကားတစ်စီး အတင်းဝင်ရောက်ခဲ့ခြင်းကြောင့် လူ၁၈ဦး သေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိသူများထဲတွင် လမ်းသွားလမ်းလာသူများနှင့် လှည့်လည်၍ ဈေးရောင်းနေသူများ အများဆုံးပါဝင်သည်။ အဆိုပါ ယာဉ်တိုက်မှုသည် ဘိုင်အန်ဒေသ လွန်ဟူလမ်းတွင် ဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုသည် ဘိုင်အန်ဒေသ လွန်ဟူလမ်းတွင် ည ၈နာရီ ၃၀မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကျောင်းကားမောင်းသူသည် မျက်နှာချင်းဆိုင်မှလာသော အခြားယာဉ်တစ်စီးကို ရှောင်ရန်ကြိုးစားစဉ် လူအသွားအလာများသော လမ်းဘက်သို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဘတ်စ်ကားပေါ်တွင်ယာဉ်မောင်းနှင့် ခရီးသည်တစ်ဦးသာပါရှိပြီး လူသွားလူလာများသော လမ်းပေါ်သို့ မီတာ ၇၀ ခန့် လမ်းချော်သွားခဲ့သည်။ ထိုမတော်တဆမှုဖြစ်ပွားရာနေရာသည် ကပွဲရုံဖွင့်လှစ်ထားရာနေရာဖြစ်ပြီး ဈေးသည်များရှိသည်ဟု မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ဘတ်စ်ကားမောင်းသူကို ရဲက ထိန်းသိမ်းထားကြောင်း၊ အဆိုပါ အဖြစ်အပျက်အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆင်ခြင်ဂရုပြုဖွယ် သွေးတိုးရောဂါအန္တရာယ်

ဇမ္ဗူစိန်
(ဆေး-၂)

သွေးတိုးရောဂါသည် ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအတွင်း အဖြစ်များဆုံးရောဂါများ၏ ထိပ်တန်းစာရင်းတွင် ပါရှိသည်။ ခန့်မှန်းတွက်ချက်မှုများအရ တိုင်းပြည်အများစုတွင် အသက်(၆၀)အထက် လူဦးရေ၏ ထက်ဝက်ခန့်သည် သွေးတိုးရောဂါရှိနိုင်သည်။ ယင်းဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ဆေးကုသမှုခံယူနေကြပြီး ၎င်းတို့၏ ၁၂ရာခိုင်နှုန်းမျှသာ သွေးတိုးရောဂါကို ထိန်းချုပ်ထားနိုင်သည်။

လူသားအားလုံးအား သွေးတိုးရောဂါ၏ ဒုက္ခပေးမှု၊ ယင်းရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများမည်သို့ရှိသည်ကို နားလည်စေရန် အသိပညာပေးခြင်း၊ ရောဂါမဖြစ်ရန်ကာကွယ်မှု၊ ရောဂါဖြစ်လျှင်စောစီးစွာသိရန်ဆောင်ရွက်မှုနှင့် ကုသပေးရန်တို့ကို ရည်ရွယ်၍ ကမ္ဘာ့သွေးတိုးရောဂါနေ့ကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိသည်။

အထက်ပါလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ကျန်းမာရေး စောင့်ရှောက်သူများ (ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ပညာရှင်များ)၊ သတင်းဆက်သွယ်ပြန်ကြားပြန့်ပွားမည့် မီဒီယာများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် အစိုးရအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်းတာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

သွေးတိုးရောဂါရှိ၊မရှိ

သွေးတိုးရောဂါကို ထိန်းချုပ်ခြင်း၏ ပထမခြေလှမ်းမှာ သွေးတိုးရောဂါ ရှိ၊ မရှိ စမ်းသပ်ခြင်းပင်ဖြစ်သည်။ သွေးပေါင်ချိန် တိုင်းကြည့်ရန်အတွက် ဈေး၊ ကျောင်း၊ အလုပ်ရုံ၊ ဘုရားရှိခိုးကျောင်း၊ ဘုန်းကြီးကျောင်း၊ နိဗ္ဗာန်ဈေး၊ ဈေးပွဲတော်၊ အခါကြီးရက်ကြီး ပွဲတော်များတွင် စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် **"သွေးတိုးရှိ၊ မရှိ သွေးပေါင်ချိန်ကြည့်"** ဟု ဆွဲဆောင်လှုံ့ဆော်ပေးရန် လိုအပ်ပါသည်။

ထိန်းချုပ်မထားသော သွေးတိုးရောဂါ၏ ဒုက္ခပေးမှုအဖုံဖုံ

သွေးတိုးရောဂါကြောင့် လေသင်တုန်းဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်၊ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ နှလုံးနှင့်ကျောက်ကပ် စွမ်းဆောင်အား လျော့ပါးဆုံးရှုံးခြင်းတို့ကို ဖြစ်စေသည်။ နှလုံးသွေးကြောကျဉ်းနှင့် နှလုံးသွေးကြောပိတ် ရောဂါကို သွေးတိုးရောဂါက ဖြစ်စေပြီး အမေရိကန်နိုင်ငံတွင် သေဆုံးသူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် သွေးတိုးရောဂါ ဒုက္ခပေးမှုကြောင့်ဖြစ်ပြီး အခြားသောနိုင်ငံများတွင် ၄၀ ရာခိုင်နှုန်း အထက်တွင်ရှိသည်။ သွေးတိုးရောဂါကြောင့်ဖြစ်သော နှလုံးသွေးကြောကျဉ်းနှင့် နှလုံးသွေးကြောပိတ်ရောဂါမှာ တိုက်ရိုက်ဆက်စပ်လျက်ရှိပြီး အခြားသွေးကြော ရောဂါဖြစ်စေသည့် အကြောင်းရင်းများနှင့် ဆက်နွယ်ပတ်သက်မှု လုံးဝမရှိချေ။ သွေးတိုးပေါင်ချိန်မြင့် လေလေ သွေးတိုးရောဂါ၏ ဒုက္ခပေးမှုအရှိန်အဟုန် ကြီးလေလေပင်ဖြစ်သည်။

သင်၏သွေးပေါင်ချိန်၊ဖိအား

သွေးပေါင်ချိန် မြင့်ခြင်းကို သွေးတိုးသည်ဟု ခေါ်ပါသည်။ သွေးတိုးခြင်းသည် စိတ်အစဉ် တင်းကျပ်မွန်းပိနေသည်နှင့် မတူပါ။ သင်၏ သွေးကြောများအတွင်း ဖိအားများနေသည်ကို ဆိုလိုသည်။ သွေးပေါင်ချိန် မြင့်ခြင်းသည် **"တိတ်တဆိတ်ဝင်ရောက်နေသော လူသတ်သမား"**ဟု စွဲမှတ်ကြရပါမည်။ သွေးပေါင်ချိန် မြင့်ခြင်းက ရောဂါလက္ခဏာတစ်ခုမျှ မပြဘဲလည်း ရှိတတ်သည်။ အလွန့်အလွန် သွေးပေါင်တက်သည့်အခါ၌သော်လည်းကောင်း၊ အရေးကြီး သော ခန္ဓာကိုယ်၏ အတွင်းကလီစာဖြစ်သည့် နှလုံး၊ ကျောက်ကပ်တို့ ထိခိုက်ချို့ယွင်းသည့်အခါ၌သော်လည်းကောင်း ဆိုးကျိုးလက္ခဏာများကို ခံစားကြရပါသည်။

လူတိုင်းမိမိတို့၏ သွေးလွှတ်ကြောများအတွင်း သွေးဖိအားရှိရန် လိုအပ်ပါသည်။ အာဟာရဓာတ်ပါသောသွေးများ ခန္ဓာကိုယ်အနှံ့ရောက်ရှိနိုင်ရန် နှလုံးမှ သွေးများကို ညှစ်ထုတ်ခြင်းဖြင့် သွေးဖိအားကို ဖြစ်ပေါ်စေပါသည်။ သွေးလွှတ်ကြော၏နံရံများပေါ်သို့ သွေးမှ တွန်းဖိထားသောအားကို သွေးဖိအား၊ သွေးပေါင်ချိန်ဟု ခေါ်ဆိုသည်။ နှလုံးမှ သွေးညှစ်ပြီးပြီးချင်း ရှိသည့် သွေးလွှတ်ကြောနံရံရှိ ဖိအားကို အထက်သွေးပေါင်ချိန် ဟုခေါ်ပြီး ကိန်းဂဏန်း အမြင့်ဖြစ်ပါသည်။ နှလုံးတစ်ကြိမ်နှင့် တစ်ကြိမ် ညှစ်သည့်အကြားခြားသည့်အချိန်၌ရှိသော သွေးလွှတ်ကြောနံရံရှိ ဖိအားကို အောက်သွေးပေါင်ချိန်ဟု သတ်မှတ်သည်။

သွေးလွှတ်ကြောများအတွင်း အခေါင်းပေါက်ကျဉ်းခြင်း၊ သွေးခဲတုံးငယ်များကြောင့် ဆို့ခြင်းများဖြစ်ပါက ခန္ဓာကိုယ်အနှံ့ သွေးဖြန့်ဝေနိုင်ရန် နှလုံးမှ ပို၍ ညှစ်ရရာ သွေးလွှတ်ကြောများအတွင်း ဖိအားသည် တဖြည်းဖြည်း မြင့်တက်လာသည်။ အကယ်၍ သင်၏ သွေးကြောအတွင်းဖိအားသည်မီလီမီတာ၁၄၀/၉၀ ပြဒါးချိန် သို့မဟုတ် ထို့ထက်ပိုလာလျှင် သွေးတိုးရောဂါရှိသည်ဟု သတ်မှတ်ကြသည်။

သွေးပေါင်ချိန်တိုင်းတာရန် လုပ်ဆောင်နည်း

- သွေးပေါင်ချိန် မတိုင်းမီ ငါးမိနစ်ကြာ အနားယူပါ။
- သွေးပေါင်ချိန်မတိုင်းမီ မိနစ် ၃၀ အတွင်း ဆေးလိပ်၊ ကဖိန်းဓာတ်ပါသည့် လက်ဖက်ရည်၊ ကော်ဖီ၊ အားဖြည့် အချိုရည် စသည်တို့ကို မသောက်သုံးရပါ။
- ကြမ်းခင်းပေါ်တွင် ခြေဖဝါးနှစ်ဖက်စုံကျ ထိထားပြီး ကျောကိုမှီ၊ လက်ကို လက်တန်းပေါ်တင်၍ လက်ကို နှလုံးရှိသည့် အမြင့်တွင်ရှိအောင် ထားလျက်ထိုင်ပါ။
- လက်၏လုံးပတ်နှင့်အတိုင်းတော်သည့် သွေးပေါင်ချိန်ပတ်အဝတ်ကိုအသုံးပြုပါ။
- မကြာသေးမီက စစ်ဆေးထားသော သွေးပေါင်ချိန်တိုင်း ကိရိယာကို အသုံးပြုပါ။
- နှစ်မိနစ်ခြား၍ နှစ်ခုထက်မနည်း တိုင်းသော သွေးပေါင်ချိန် အမှတ်ကို ပေါင်းပြီး ပျမ်းမျှတွက်ခြင်းဖြင့် သွေးပေါင်ချိန်အမှန်ကို အနီးကပ်ဆုံး ရယူပါ။

ရုံဖန်ရံခါတွင် သွေးပေါင်ချိန်ကို ထိုင်၍သော်လည်းကောင်း၊ လဲလျောင်း၍သော်လည်းကောင်း တိုင်းရန် လိုအပ်ပါသည်။

သွေးတိုးမဖြစ်ရန်ကာကွယ်နည်း

- **ကိုယ်အလေးချိန် လျှော့ချပါ၊**
- **အငန်ဓာတ်နည်းသော အစာကို စားပါ၊**
- **အရက်သောက်မှုကို လျှော့ပါ၊**
- **ကိုယ်လက်လေ့ကျင့်ခန်း မှန်မှန်လုပ်ပါ၊**

အထက်တွင် ဖော်ပြထားသည့်နေထိုင်မှုပုံစံဖြင့်နေထိုင်သော်လည်း သွေးတိုးမကျပါက ဆေးဝါးသုံးစွဲရန်လိုအပ်ပါသည်။ တစ်ခါတစ်ရံ ဆေးတစ်မျိုးတည်းဖြင့် မလုံလောက်ပါ။ သွေးတိုးရောဂါကို ထိန်းချုပ်နိုင်ခြင်းဖြင့် အံ့ဖွယ်ကောင်းကျိုးရလဒ်များရနိုင်ပါသည်။ နှလုံးသွေးကြောပိတ်ခြင်းကို ၂၅ ရာခိုင်နှုန်း၊ လေဖြတ်ခြင်းကို ၃၅ ရာခိုင်နှုန်းနှင့်နှလုံးလုပ်ဆောင်မှု လျော့ပါးဆုံးရှုံးခြင်းကို ရာခိုင်နှုန်း ၅၀ မျှလျှော့ချပေးနိုင်ပါသည်။

သွေးတိုးရောဂါကို ဆိုးရွားစွာ ဖြစ်စေနိုင်သည့် ဆေးလိပ်သောက်ခြင်း၊ သွေးအဆီဓာတ်များခြင်းနှင့် ဆီးချိုရောဂါများရှိပါက ယင်းရောဂါများကိုလည်း ထိန်းချုပ်နိုင်ရန် ဆေးကုသမှုလိုအပ်ပါသည်။

သတိချပ်ရန်

သွေးတိုးရောဂါ ရှိပါလျက် သွေးတိုးရောဂါလက္ခဏာများ မပြဘဲရှိနိုင်သည်ကို သတိပြုပါ။

သွေးတိုးရှိ၊ မရှိ အနည်းဆုံးခြောက်လတစ်ကြိမ် သွေးပေါင်ချိန်တိုင်းပါ။

မိမိတို့၏နေ့စဉ်နေထိုင် စားသောက်မှုကို အထူးဂရုပြုဆင်ခြင်၍ သွေးတိုးရောဂါကို ကာကွယ်ထိန်းချုပ်သွားနိုင်မည်ဆိုပါလျှင် ပျော်ရွှင်သောဘဝနှင့် ရှည်ကြာသော သက်တမ်းကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် အောင်မင်းခေါင်ဘုရားလမ်းနေ ကွယ်လွန်သူ ဦးချမ်းလှိုင်နှင့် မောင်မင်းသုခိုင်တို့အား ရည်စူး၍ ဒေါ်သန်းဆွေနှင့် ဦးမျိုးလွင်-ဒေါ်မူမူ၊သားမောင်ဇေယျာထွန်း၊ မောင်ခိုင်စိုးဟိန်း၊ မောင်အောင်ကိုမျိုးမိသားစုတို့က ဒဂုံမြို့နယ်၊ အမှတ်(၁၂)၊စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ် သိန်း၂၀ကို တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေ (သံအမတ်ကြီး-ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အလှူငွေပေးအပ်

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ငွေကြာရံဓမ္မဝိဟာရ သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရန် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲကို ဩဂုတ်၇ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့ ဂျပန်ထေရဝါဒအဖွဲ့ဂေါတမီ ယောဂီကျောင်း၌ ကျင်းပရာ ငွေကြာရံဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ရေဝတနှင့် ကျောင်းဆောင်အလှူရှင်များအား တွေ့ရစဉ်။ (က-ပ)

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ခတ္တာလမ်းနေ ဦးညီညီ-ဒေါ်ဝင်းဝင်းမြင့် မိသားစုက အလှူငွေကျပ် ငါးသိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃၤန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

ဆေးတက္ကသိုလ်(၂)အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၂)တွင် ၁၉၆၃၊ ၁၉၆၄၊ ၁၉၆၅၊ ၁၉၆၆ခုနှစ်များ၌ ပထမနှစ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများက အာစရိယပူဇော်ပွဲကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများ အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပူဇော်ကန်တော့ပွဲနှင့်ပတ်သက်၍ ဆက်သွယ်လိုသူများသည် ဒေါက်တာဦးစိုးမင်းသိန်း ဖုန်း-၀၁-၂၉၃၉၆၃၊ ဒေါက်တာအေးအေးမြင့် ဖုန်း-၀၁-၂၄၁၈၅၃၊၀၉၅၀-၁၈၃၉၀၊ ဒေါက်တာခင်မျိုးချစ် ဖုန်း-၀၁-၅၄၆၀၇၄၊ ၅၅၅၀၃၆နှင့် ဒေါက်တာလူစီကျော်မြ ဖုန်း-၀၁-၆၆၄၉၄၂၊၀၉၅၀၀-၄၇၂၅တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၁ ရက်က ပညာဗိမာန်ခန်းမတွင် ကျင်းပရာ လေးဘာသာဂုဏ်ထူးရှင် မနှင်းဝတ်ရည်အား မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက ဆုချီးမြှင့်စဉ်။ (မြို့နယ်ပညာရေး)

ရေနံနှင့် သဘာဝဓာတ်ငွေ့အလားအလာအသစ်များ အမြန်ဆုံးတူးဖော်စမ်းသပ် တွင်းသစ်တူးဖော်မည့် အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈နာရီတွင် ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကား

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကားပြောကြားပြီး ပြီးခဲ့သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဝန်ကြီး၏ မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်၊ ရေနံမြေ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူတို့က ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှု ဖူလုံစေရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာအသစ်များကို အမြန်ဆုံး တူးဖော်စမ်းသပ်သွားရေး၊ တိုင်းတာရရှိပြီးဖြစ်သည့် ဆိုက်စမစ်အချက်အလက်များကို သေချာစွာ လေ့လာသုံးသပ်ပြီး တွင်းသစ်တူးဖော်မည့် အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရေး၊ ငွေကြေး စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာသုံးစွဲရေး၊ ဝန်ထမ်းများအား အတတ်ပညာနှင့် နည်းပညာပိုင်းတွင် ပျိုးထောင်လေ့ကျင့်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရေး၊ လျှပ်စစ်နှင့် စက်သုံးဆီ ချွေတာရေး၊ နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး တို့ကို အသေးစိတ်မှာကြားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ် (၁၀၀)ပြည့် မော်ကွန်းစာစောင်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၆



ဗုဒ္ဓဘာသာ ကလျာဏယုဝ (YMBA)အသင်းကြီး နှစ် (၁၀၀) ပြည့်ပွဲကို ၂၀၀၆ ခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ နှစ်(၁၀၀)ပြည့် မော်ကွန်းစာစောင်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

မော်ကွန်းစာစောင် မျက်နှာဖုံးကို ၁၉၀၆ ခုနှစ်က အသင်း တည်ထောင်သူ ဘကြီးဘဘေ (ဘီအေ)၊ ဆာမောင်ကြီး(အမ်အေ)နှင့်ဒေါက်တာ ဘရင်တို့၏ ပုံနှင့် အသင်းတိုက်ပုံဖြင့် ဖော်ပြထားပြီး နိုင်ငံလွတ်လပ်ရေးအတွက် ဆောင်ရွက်စဉ်က ဗုဒ္ဓဘာသာ ကလျာဏယုဝ (YMBA) အသင်း၏ အရေးပါသောအခန်းကဏ္ဍမှ ဆောင်ရွက်ခဲ့ပုံကိုလည်းကောင်း၊ လွတ်လပ်ရေးရရှိပြီးနောက် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟူသော ဆောင်ပုဒ်နှင့်အညီ ယနေ့ထက်တိုင် ဆောင်ရွက်ခဲ့ပုံအစုစုကို လည်းကောင်း ဖတ်ရှုကြရမည်ဖြစ်သည်။

ထို့ပြင် ပွဲစားကြီး ဦးမောင်ကြီး အလှူတော်ရန်ပုံငွေကို ခွဲဝေလှူဒါန်းခြင်း အကြောင်းအရာများကိုလည်း ဗဟုသုတဖြစ်ဖွယ်ရာဖော်ပြထားရာ မော်ကွန်းစာစောင် ဝယ်ယူဖတ်ရှုလိုသူများသည် ပုဇွန်တောင်မြို့နယ် အမှတ် (၇၇)၊ ရေကျော်လမ်းရှိ (YMBA) အသင်းတိုက်နှင့် ဖုန်း–၂၉၀၄၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇–၈–၂၀၀၅ (စနေနေ့)

၁၃၆၇ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၀၀ ၆။ သုံးဆယ်ရေလှောင်တမံ
- ၈း၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Island of Dhamma
- ၈း၁၀ ၁၀။ **ဘဒ္ဒန္တ ကေသရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ အောင်မင်္ဂလာစာသင်တိုက် သရက်မြို့ မကွေးတိုင်းထံမှ မှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း**
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း–၃၂)**
- ၁း၁၀ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁း၂၀ ၈။ **"ကံ–ကံ၏အကျိုး" (ကျော်သူ၊ ရီဝေယံ၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ–မောင်နှင်းမိုး)**
- ၂း၀၀ ၉။ "ချန်ပီယံမြန်မာ" (အာဆီယံအသက်(၂၀)အောက် အောင်ပွဲရ မြန်မာလူငယ် ဘောလုံးအသင်း)
- ၂း၁၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၂၅ ၁၁။ အတီးပြိုင်ပွဲ
- ၂း၃၀ ၁၂။ **"အလံလေးတော့ ကိုင်ပြပါ" (ဇွဲနိုင်ဝင်း၊ရတနာခင်) (ဒါရိုက်တာ မင်းအုပ်စိုး)**
- ၂း၄၀ ၁၃။ သံလွင်တံတား(တာပါး)
- ၂း၄၅ ၁၄။ International News.
- ၃း၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက–၁၊လသာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄း၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)**
- ၅း၀၀ ၅။ အကပြိုင်ပွဲ
- ၅း၁၀ ၆။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ပညာရှင်အဆင့်) (အမျိုးသမီး)
- ၅း၂၀ ၇။ မြန်မာစာ၊မြန်မာစကား
- ၅း၃၅ ၈။ အတီးပြိုင်ပွဲ
- ၅း၅၅ ၉။ **"စက်မှုတပ်ဆင်လုပ်ငန်းတွင်" (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ–မင်းမော်ကွန်း၊ အကယ်ဒမီ–မို့မို့မြင့်အောင်) (ဒါရိုက်တာ–ဝင်းထွန်းထွန်း)**
- ၆း၀၀ ၁၀။ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီ
- ၆း၁၀ ၁၁။ "မဟာဝံသမြတ်ဗုဒ္ဓ" (ဒုတိယပိုင်း) "ဗုဒ္ဓပူဇာဓမ္မတေးအလင်္ကာ ဘုရားပွင့်ဦးနိမိတ်ထူး" (ဣန္ဒာဆွေစီစဉ်ရေးသားပူဇော်၍ ရာဇာဝင်းတင့် သီဆိုပူဇော်သည်။)
- ၆း၃၀ ၁၂။ ညနေခင်းသတင်း
- ၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း–၁)**
- ၇း၄၀ ၁၅။ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာ အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(ကရာတေးဒို)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း–၂)**
- ၂၀။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာ့သစ်လုပ်ငန်း စက်ဆန်း သစ်ဆိပ်ရှိ တင်ဒါလပ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ဆိပ်များစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃) သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်တို့သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့်လပ်ပုံများ အဆင့်အတန်းခွဲခြား သတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ် ဩဂုတ်လအတွက်

(၂၈–၈–၂၀၀၅)ရက်နေ့

၂၀၀၅ ခုနှစ် စက်တင်ဘာလအတွက်

(၁၁–၉–၂၀၀၅)ရက်နေ့

နှင့်

(၂၅–၉–၂၀၀၅)ရက်နေ့

သာသနာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၂၆

သာသနာရေးဝန်ကြီးဌာန၏ ၂၀၀၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ထန်းပင်စုစုပေါင်း ၂၀၀၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇–၈–၂၀၀၅ (စနေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ တေးဂီတအစီအစဉ်
- ၇း၁၀ Management Talk(2) (ဦးမျိုးမြတ်သူ၊ဦးအေးကျော်)
- ၇း၄၀ တေးဂီတအစီအစဉ်
- ၇း၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၇း၅၀ ငယ်စဉ်အခါပညာရှာ
- ၈း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၁၀ တေးဂီတအစီအစဉ်
- ၈း၁၅ ဗွီစီဒီမိတ်ဆက်(ချစ်ကောင်း–ကော်ဖီခါးခါးရဲ့အလှည့်–၁)
- ၈း၃၅ မိုးလေဝသခန့်မှန်းချက်
- ၈း၄၀ မေးကြည့်ဖြေကြည့်ပဟေဠိ
- ၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၀ ၂၀၀၅ ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တို အတိုက်ပြိုင်ပွဲ
- ၉း၃၀ တေးဂီတအစီအစဉ်
- ၉း၃၅ သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်လောက်လမ်းနှိမ်နင်းပေး
- ၉း၅၀ တေးဂီတအစီအစဉ်
- ၉း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၀ အာဟာရနှင့်ကျန်းမာရေး
- ၁၀း၂၀ တေးဂီတအစီအစဉ်
- ၁၀း၂၅ ကြမ်းခင်းတုံးထုတ်လုပ်မှုလုပ်ငန်း
- ၁၀း၃၅ ဗီဖာကမ္ဘာ့ဖလား ၂၀၀၂
- ၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃)နာရီအထိ လေးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

English Premier League

ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်
၅း၃၀	ပွဲကြိုသုံးသပ်ချက်(၁)
လိုင်း	5-Cartoons(Live)
၅း၄၅	West Brom-Birmingham
လိုင်း	5-Cartoons(Live)
၇း၄၅	ပွဲကြိုသုံးသပ်ချက်(၂)
လိုင်း	5-Cartoons(Live)
၈း၃၀	Tottenham-Chelsea
လိုင်း	5-Cartoons(Live)
	West Ham-Bolton
လိုင်း	5-Movies(Live)
၁၀း၃၀	Final Score
လိုင်း	5-Cartoons(Live)
၁၀း၃၀	Astonvilla-Blackburn
လိုင်း	5-Movies(SDD)
၁၁း၀၀	Fulham-Everton
လိုင်း	5-Cartoons(SDD)

နိုင်ငံတော်က တိုင်းရင်းသားညီအစ်ကိုများအပေါ်ထားရှိသော စေတနာကိုတုံ့ပြန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ညီလက်ညီ အတူတကွ ပူးပေါင်းဆောင်ရွက်

တွေ့ဆုံ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လောက်ကိုင်မြို့ လောက်ကိုင်တပ်နယ်ဧည့်ရိပ်သာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်ဒေသမှ တိုင်းရင်းသားကိုယ်စားလှယ်များအား တွေ့ဆုံ မှာကြားစဉ်။ (သတင်းစဉ်)

✧ **ရှေ့ဖုံးမှ**

နည်းပညာပိုင်းများ ဖြန့်ဖြူးနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်က စိုက်ခင်းအတွင်း စပ်မျိုးပြောင်းဧက ၂၀၀၊ အစေ့ထုတ်ပြောင်း ဧက ၅၀၊ ကြံ ၁၀ ဧက၊ ပဲစင်းငုံ ၁၈၅ ဧက စိုက်ပျိုးထားမှု၊ တစ်ဧကရှိ ငါးကန်သုံးကန်၌ ငါးကောင်ရေ ခြောက်သောင်း မွေးမြူထားမှု၊ ပျားအုံ ၅၀၀ နှင့် ကျွဲ၊ နွားအကောင် ၁၇၀ မွေးမြူထားရှိမှုအခြေအနေများကိုလည်းကောင်း၊ သီးနှံများ၏ စပ်မျိုးထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ် မန်နေဂျာဦးလှကြီးက နိုင်ငံတော်မှ သတ်မှတ်ထားသော တစ်ဧက ပန်းတိုင်အထွက်နှုန်းများနှင့် စိုက်ပျိုးရေးခြံမှ စိုက်ပျိုးထားသော သီးနှံများ၏ အထွက်နှုန်းများကို နှိုင်းယှဉ်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးပြီး တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို တာဝန်ရှိသူများက စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ၌ ၂၀၀၅-၂၀၀၆ ခုနှစ် စိုက်ပျိုးရာသီ၌ တပ်ရင်းတပ်ဖွဲ့များ အပါအဝင် ဒေသတစ်ခုလုံးမှ တောင်သူများက ယနေ့အထိ လယ်စပါး ၁၉၆၉၄၄ ဧက၊ ယာစပါးဧက ၁၁၂၄၁၀၊ တောင်ယာစပါး ၁၃၀၃၁၁ ဧက စုစုပေါင်းမိုးစပါးဧက ၄၃၉၆၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် အစေ့ထုတ်ပြောင်း ၁၄၄၆၇၃ ဧက၊ မိုးမြေပဲ ၃၄၆၂၅ ဧက၊ မိုးနှမ်း ၈၁၁၂ ဧက၊ မိုးနေကြာဧက ၃၀၂၀၊ ပဲစင်းငုံ ၁၆၇၄၅ ဧက၊ မိုးပဲတီစိမ်း ၅၆၈ ဧက၊ ချက်ကြံ ၃၆၉၁ ဧကတို့ စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့ မြို့မကွင်း စံပြဧက ၅၀ အထူးအထွက်ကောင်း ဆင်းရွှေလီ(R)လိုင်းစပါးစိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က သိန်းနီမြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအချက်အလက်များနှင့် လယ်စပါး ၁၃၇၈၆ဧက၊ ယာစပါး ၉၇၁ ဧက၊ တောင်ယာစပါး ၁၉၂၈ ဧကစိုက်ပျိုးနိုင်ခဲ့မှု အခြေအနေ၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံများ လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်နိုင်မှု အခြေအနေများနှင့် မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးက သိန်းနီတပ်နယ်အတွင်း နွေစပါးနှင့်မိုးစပါးဧက ၄၄၀၀စိုက်ပျိုးရန် ဇုန်လေးဇုန်ခွဲ၍ ဆောင်ရွက်နေမှုအခြေအနေနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)သိန်းနီမြို့နယ်သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်မှုကိုခံယူပြီး ဌာနဆိုင်ရာအဆင့်ဆင့်နှင့် ဒေသခံတောင်သူများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ကြောင့် စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် အထိုက်အလျောက် အောင်မြင်တိုးတက်နေသည်ကို တွေ့ရှိရကြောင်း။

ယခုကဲ့သို့ မြို့နယ်၏ လူမှု၊ စီးပွားရေးဘဝများ တိုးမြှင့်ခံစားလာရခြင်းမှာ မြို့နယ်နေပြည်သူများသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်ခြင်း၏ ရလဒ်ကောင်းများပင် ဖြစ်ကြောင်း။

ဒေသဝမ်းစာဖူလုံ

သိန်းနီမြို့နယ်သည် အခြေခံလိုအပ်ချက်ဖြစ်သည့် ဒေသဝမ်းစာကို ဖူလုံစွာစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဒေသဝမ်းစာဖူလုံပါက ဆက်စပ်နေသော အခြားစီးပွားရေးလုပ်ငန်းများကိုလည်း ဖော်ချလုပ်ကိုင်နိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာတော့မှာဖြစ်ကြောင်း။

ယခုကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်မှုသည် ရှမ်းပြည်နယ်တစ်ခုလုံးသာမက ပြည်ထောင်စုကြီးတစ်ရပ်လုံး အေးချမ်းသာယာပြီး လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာခြင်းမှာ နိုင်ငံတော်အစိုးရ၏ ဖြူစင်သော စေတနာအမှန်များကြောင့်ပင်ဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လာခြင်းသည် ယနေ့မိမိတို့ လျှောက်လှမ်းနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးကို များစွာအထောက်အကူပြုကြောင်း။

စေတနာပါပါဆောင်ရွက်

မြို့နယ်၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က တာဝန်ပေးအပ်ထားသူများဖြစ်ရာ လုပ်ငန်းများထမ်းဆောင်ရာတွင် ဝတ်ကျေတန်းကျေ ထမ်းဆောင်ခြင်းမျိုး မဟုတ်ဘဲ စေတနာပါပါဖြင့် ပေါင်းစပ် ဆောင်ရွက်ကြစေလိုကြောင်းဖြင့်မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စံပြဧက ၅၀ အထူးအထွက်ကောင်း ဆင်းရွှေလီ(R)လိုင်းစပါး စိုက်ခင်းအတွင်း ဘိန်းအစားထိုးသီးနှံ ဆင်းရွှေလီ(R)လိုင်းစပါးများကို ရှစ်တန်းလျှင် တစ်တန်းလုပ်စနစ်ဖြင့် စိုက်ပျိုးထားရှိမှုနှင့် ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

သဲတောင်ရှောင်ကွင်းလမ်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုး-သိန်းနီ-ကွမ်းလုံ ကားလမ်းတစ်လျှောက် လမ်းပိုင်းကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု အခြေအနေနှင့် လမ်းပိုင်းရှိ မိုင်တိုင်(၃၉/၀)မှ(၄၃/၀)အကြား သဲတောင်များပြိုကျမှုမှ ကာကွယ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ သိန်းနီမြို့နယ် နားတီးကျေးရွာရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သိန်းနီ-ကွမ်းလုံ သဲတောင်ရှောင်ကွင်းလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က သိန်းနီ-ကွမ်းလုံသွား ကားလမ်းပေါ်ရှိ မိုင်တိုင်(၃၈/၀)နှင့် (၄၃/၀)အကြား သဲတောင်များမှာမိုးရာသီတွင် မြေပြိုကျပြီး လမ်းပိတ်ဆို့မှုများဖြစ်ပေါ်လေ့ရှိသည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရေရှည်တွင် ရာသီမရွေးသွားလာအသုံးပြုနိုင်သည့် လမ်းကြောင်းတစ်ကြောင်း အမြန်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဟိုလီမှ ကာမိုင်းသွားလမ်းကြောင်းကို အခြေခံ၍ နားတီးသို့ ဖောက်ထွက်နိုင်သည့် အရှည် ၃၂ မိုင်ရှိ လမ်းကြောင်းကို တပ်မတော်သားများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ပါဝင်သောအဖွဲ့ဖြင့် ဖောက်လုပ်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက နားတီးမှ ကာမိုင်းကျေးရွာအထိ ၁၆ မိုင်ကို ပေ ၄၀ အကျယ် မြေသားလမ်းဖောက်လုပ်ပြီးစီးမှု၊ ကာမိုင်း-ကြူကော်ယွမ်-ဟိုပုန်း-ဖာဆန် လမ်းသစ်ကို မိုင်တိုင်(၂၅/၅)မှ (၂၅/၁)နှင့် မိုင်တိုင်(၂၅/၂)မှ (၂၇/၄)အထိ မြေသားလမ်းဖောက်လုပ်ပြီးစီးမှု၊ မိုင်တိုင်(၂၅/၁)နှင့် (၂၅/၂)ကြားတွင် ကျောက်ဆောင်များရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်အနီး၌ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကွမ်းလုံတပ်နယ်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်ခန်းမ၌ ကွမ်းလုံတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကွမ်းလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကွမ်းလုံခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေကြိုင်က ကွမ်းလုံခရိုင်၏ လူဦးရေ၊ တည်နေရာနှင့် အကျယ်အဝန်း၊ ခရိုင်အတွင်း တိုင်းရင်းသားများ စုပေါင်းနေထိုင်မှုအခြေအနေ၊ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ စက်မှုကုန်ကြမ်းသီးနှံရော်ဘာ ၄၂၅၅ ဧက စိုက်ပျိုးနိုင်မှု၊ ပညာရေး၊ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ဖော်ဆောင်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို မှာကြားရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင်အနေဖြင့် တိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်မှုကိုခံယူကာ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသား တောင်သူလယ်သမားများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ဒေသဝမ်းစာဖူလုံသည့်အပြင် ရော်ဘာကဲ့သို့ စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်အောင်မြင်စွာ စိုက်ပျိုးနေသည်ကို သိရှိရ၍ ဝမ်းသာပီတိဖြစ်ရပါကြောင်း။

ရော်ဘာသည် နိုင်ငံခြားဝင်ငွေရရှိသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သဖြင့် ဒေသမှ ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ပိုလျှံသောမြေလွတ်မြေလပ်များ၌ ထပ်မံဖော်ထုတ် စိုက်ပျိုးကြရန် မှာကြားလိုကြောင်း၊ ရော်ဘာကဲ့သို့ စီးပွားရေးတွက်ခြေကိုက်ပြီး ဒေသ၌ ဖြစ်ထွန်းမည့် အခြားစက်မှုကုန်ကြမ်း သီးနှံမျိုးကောင်းမျိုးသန့်များကိုလည်း တိုးမြှင့်စိုက်ပျိုးသွားကြရန် လိုကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ကွမ်းလုံဒေသသည် အေးချမ်းတည်ငြိမ်သော ဒေသဖြစ်လာပြီဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ကြရာတွင် တာဝန်ကျေပွန်ရုံသဘောမထားဘဲ စေတနာကို ပေါင်းစပ်ဆောင်ရွက် သွားကြစေလိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကွမ်းလုံ-ချင်းရွှေဟော် ကားလမ်းတစ်လျှောက်နှင့် နမ့်တိမ်ချောင်းတစ်လျှောက် ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုကိုမော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ချင်းရွှေဟော်မြို့အထွက် ကွန်မြင့်ကျေးရွာ၌ အစေးထုတ်သည့်အရွယ်သို့ ရောက်ရှိနေပြီး လက်ရှိ အစေးထုတ်လျက်ရှိသည့် ရော်ဘာပင်များနှင့် ဘိန်းအစားထိုးဆင်းရွှေလီစပါးနှင့် ကြံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၅ နာရီတွင် လောက်ကိုင်မြို့ သို့ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ညပိုင်းတွင် လောက်ကိုင်မြို့ လောက်ကိုင်တပ်နယ် ဧည့်ရိပ်သာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်ဒေသမှ တိုင်းရင်းသား ကိုယ်စားလှယ်များအား တွေ့ဆုံ၍ နိုင်ငံတော်က တိုင်းရင်းသားညီအစ်ကိုများအပေါ်ထားရှိသော စေတနာများကို တုံ့ပြန်သော အားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ညီလက်ညီဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရေး၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် ဆင်းရွှေလီအထွက်ကောင်းမျိုးများ စိုက်ပျိုးကြရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

❋ ကျောဖုံးမှ

ရေလွှမ်းခြင်းခံရသော လယ်မြေများ၌ ရေကျလျှင်ကျခြင်း ပိုးမွှားရောဂါ ကာကွယ်ရေး၊ တစ်ကွက်ကျ တစ်ကွက်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးရေးနှင့် လျာထားဧက ၅ဒသမ ၅သိန်းပြည့်မီအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်သို့ မိမိတို့ရောက်ရှိလာခြင်းမှာ မွန်ပြည်နယ်ရှိ ဒေသအချို့၌ ကြုံတွေ့ခဲ့ရသော ရေကြီးမှုတွင် ရေဘေးဒဏ်ခံခဲ့ရသော ဒေသခံပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုပြီး လိုအပ်သော ကူညီပံ့ပိုးမှုများပေးအပ်ရင်း ကရင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်စွက်ပံ့ပိုးပေးရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသဖြင့် နိုင်ငံတော်၏ အများစုသော ပြည်သူတို့၏ အကျိုးစီးပွား ဖြစ်ထွန်းနိုင်မှုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းပင်ဖြစ်ကြောင်း။

ကရင်ပြည်နယ်သည် ယခုအခါ တည်ငြိမ်အေးချမ်းမှုရရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်အဆက်ဆက်က မဖွံ့ဖြိုးခဲ့သောဒေသများ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားလုပ်ဆောင်ရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကို လိုလားသော တိုင်းရင်းသားပြည်သူများ၏ လိုလားချက်များကို နိုင်ငံတော်အစိုးရက အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးသည် နိုင်ငံတော်၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်ကြရန်နှင့် နယ်စွန်နယ်ဖျား ဒေသအချို့မှ တိုင်းရင်းသား အဖွဲ့အစည်းများအားလည်း နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပြီး ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ် ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီး၊ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းမောင်နှင့် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသန်းတင်တို့က ခရိုင်အလိုက် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ် စိုက်ပျိုးပြီးစီးမှုစာရင်းများကို ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးထံသို့ ပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် ထွန်တုံးပိတ် စပေါင်းစိုက်ပျိုးသရုပ်ပြမှုနှင့် ကြားပေါင်းလိုက် တမန်းနှိုးခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ကြဲပက်ခြင်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် အဆင့်မြင့်တင်သင်ကြား နိုင်ငံတော်၏ သားကောင်း၊ သမီးကောင်းများဖြစ်အောင် အထူးကြိုးစား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူရန် လယ်ကွက်များအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ယင်းနောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ချောင်းတောင်ကျေးရွာ ကောက်စိုက်အဖွဲ့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးစောဂျက်ဆင်နှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးတင်မြင့်တို့က ကမ်းနီကျေးရွာ၊ တမိုင်ကုန်းကျေးရွာ၊ အနောက်ဘက်ကမ်းကျေးရွာ၊ ရေးပူကြီးကျေးရွာ၊ ကော့ကရိတ်မြို့ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်တို့မှ ကောက်စိုက်အဖွဲ့များအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

နှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေး ပညာပေးပြခန်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ပေါင်းစပ်အသုံးပြုခြင်း ပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်တပ်နယ်ရှိ နယ်မြေခံ တပ်ရင်းများမှ တပ်ရင်းမိသားစုများ၏ တစ်နိုင်တစ်ပိုင် သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများအား တပ်ရင်းပိုင်မြေများအနက် အသုံးမပြုသေးသောမြေများကို မိသားစုများအား စိုက်ပျိုးလုပ်ကိုင်ရန် မြေနေရာသတ်မှတ်ပေးပြီး မိသားစုဝင်ငွေရရှိအောင် စိုက်ပျိုးလုပ်ကိုင်သွားရန် မှာကြားသည်။

နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျုံဒိုးမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး မြတ်ရတနာ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ဦးစောဖြူအုန်းတို့က မြတ်ရတနာ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာ ပက်ဖျန်းပေးကြသည်။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ကျုံဒိုးမြို့ ရေဘေးထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားတွင် ကျုံဒိုးမြို့ ရေဘေးဒဏ်ခံရသော ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်စဉ်။
(သတင်းစဉ်)

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြတ်ရတနာ နှစ်ထပ်ကျောင်းဆောင်သစ်ရှိ Electronic Learning Roomများ၌ ကျောင်းသား၊ ကျောင်းသူများက Electronic ပစ္စည်းများဖြင့် လက်တွေ့သင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်နှင့် မိဘဆရာများက ခေတ်မီသင်ကြားရေး အထောက်အကူပြုပစ္စည်းများဖြင့် အဆင့်မြင့်တင် သင်ကြားပေးခြင်းကို အလေးအနက်ထား၍ နိုင်ငံတော်၏ သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်လာအောင် အထူးကြိုးစားကြရေး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ကျောင်း၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အဆင့်မြင့်အောင် အထူးကြပ်မတ် သင်ကြားပေးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျောင်းခန်းမဆောင်၌ကျင်းပသော ကျုံဒိုးမြို့ ရေဘေးထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာ၌ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဒေသအချို့တွင် ရေကြီးမှုကြောင့် ရေဘေးကြုံတွေ့ရမှုဖြစ်စဉ် အနည်းငယ်ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ ရေဘေးကြောင့်ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ပြုပြင်ဆောင်ရွက်ရေး၊ ရေဘေးဒဏ်ခံရသော ပြည်သူများအား ကူညီပံ့ပိုးပေးရေး၊ လာမည့်နှစ်အတွက် ကြိုတင်ဆောင်ရွက်ရန်ရှိသည်များကို ကြည့်ရှုစစ်ဆေး ဆောင်ရွက်ပေးရန် မိမိတို့ယခုကဲ့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ရေဘေးဒဏ်ခံရသော ပြည်သူများအနေဖြင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုစေတနာကို တုံ့ပြန်သောအားဖြင့် မိမိတို့၏ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရင်း အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ပေးအပ်

ထို့နောက် ကျုံဒိုးမြို့ ရေဘေးဒဏ်ခံရသော ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်ရှိန်တို့က လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံမှ ထောက်ပံ့လှူဒါန်းသော ထောက်ပံ့ငွေကို ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးဝါးပစ္စည်းများကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ကလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သော ထောက်ပံ့ပစ္စည်းများကို ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးကလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသော ဗလာစာအုပ်နှင့် စာရေးကိရိယာများကို အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က လည်းကောင်း အသီးသီးပေးအပ်ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ယင်းနောက် ရေဘေးကြုံရသော ဒေသခံပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရေဘေးဒဏ်ခံရသော ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ဘားအံမြို့နယ် ဘင်ဂျီကျေးရွာရှိ ရွှေဖြူစိုးရော်ဘာပျိုးခင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ရော်ဘာပျိုးခင်း ယာယီရှင်းလင်းဆောင်၌ ရွှေဖြူစိုးရော်ဘာ ပျိုးခင်းပိုင်ရှင် ဦးစိုးအောင်က BPM 24၊ PRIM-600၊ PB-260၊ PB-235 မျိုး ရော်ဘာပျိုးပင်များကို အဖူးကူးစနစ်ဖြင့် ပျိုးပင်ထုတ်လုပ်နေမှုကို ရှင်းလင်းတင်ပြပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာဦးသီဟကဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရွှေဖြူစိုး ရော်ဘာစိုက်ခင်းအတွင်း ပျိုးထောင်ထားရှိသော ရော်ဘာစိုက်ခင်းနှင့် ရော်ဘာအဖူးကူး ပျိုးပင်ထုတ်လုပ်မှုလက်တွေ့သရုပ်ပြ ဆောင်ရွက်မှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ရော်ဘာကို အထူးတိုးချဲ့ ဆောင်ရွက်လျက်ရှိရာ ရော်ဘာတိုးချဲ့စိုက်ပျိုးမှုအတွက် အထောက်အကူပြုနိုင်အောင်နှင့် စီးပွားဖြစ် ရော်ဘာပျိုးပင် ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် နယ်မြေခံတပ်ရင်းက ဆောင်ရွက်နေသော ရော်ဘာပျိုးပင်ထုတ်ခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရော်ဘာပျိုးခြံတာဝန်ခံ ဗိုလ်မှူးမောင်မောင်ဦးက ၎င်းတာဝန်ယူ ဆောင်ရွက်နေသော ရော်ဘာပျိုးခြံဧက ၁၀၀ ၌ ပျိုးပင်ပေါင်း ၂၂၀၅၀၀ ကို အစေ့အညှောက်ဖောက်စိုက်ခြင်း၊ အပင်ပေါက် အိတ်သွတ်မြေချစိုက်ပျိုးခြင်း ဆောင်ရွက်နေမှုနှင့် ကုန်ကျမှုအခြေအနေ၊ ရရှိလာမည့် အကျိုးအမြတ် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာပျိုးပင်များကို လာမည့်နှစ်တွင် ငါးသိန်းမှ ၁၀သိန်းထိ စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ပျိုးရာတွင် အကုန်အကျ အနည်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ရေး၊ ရော်ဘာပျိုးခြံအတွင်း ရေသွယ်မှုစနစ် ကောင်းမွန်ရေးနှင့် စရိတ်သက်သာစေရေး၊ ခြံခြံစွေတာရေးနှင့် ရော်ဘာပျိုးပင်များကို စီးပွားဖြစ် ထုတ်လုပ်ရေးတို့ကို မှာကြားပြီး ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် ရောက်ရှိသည်။ (သတင်းစဉ်)

ကျုံဒိုးမြို့ အခြေခံပညာ အထက်တန်းကျောင်း မြတ်ရတနာ နှစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။
(သတင်းစဉ်)

ကုန်သည်/ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ထိုင်းအဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား ယမန်နေ့တွင် ထိုင်းနိုင်ငံ National Research Council မှ ဒုတိယဥက္ကဋ္ဌ Dr. Chaiwat Konjing ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၁ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးမြှင့်လာစေရေးအတွက် ပံ့ပိုးဆောင်ရွက်မှု ပြုလုပ်ပေးနိုင်မည့် အခြေအနေများနှင့် နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းဆိုင်ရာကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။ (ရ-က-တ)

❒ ယာဉ်တိုက်ခိုက်မှုမှ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ မော်ကွန်းထိန်းများ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ကြပ်မတ်ဆောင်ရွက်

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးနှင့် ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့အတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ တဖြည်းဖြည်း လျော့နည်းသည်ထက် လျော့နည်းလာအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ တာဝန်ရှိသူများက တက္ကသိုလ်၊ ကောလိပ်များအတွက် ကြို/ပို့ယာဉ်များ အဆင်ပြေစွာ ပြေးဆွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးနေသကဲ့သို့ တက္ကသိုလ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများကလည်း သတ်မှတ်စည်းကမ်းများနှင့်အညီ စီးနင်းကြစေလိုကြောင်း၊ ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းလာရုံသာမက၊ လူအများထိခိုက်ဆုံးရှုံးမှုများ နည်းပါးစေရေးအတွက်လည်း ခရီးသွားပြည်သူများယာဉ်စီးနင်းမှုစနစ်တကျရှိအောင် ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းစေရေးအတွက် တာဝန်ရှိသူများက မိမိနှင့်သက်ဆိုင်သည့်ကဏ္ဍအလိုက် မပြတ်ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ မော်ကွန်းထိန်းများ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ကူညီဖြည့်ဆည်းပေးစေလိုသည့်အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျလိုက်နာကြစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ခရီးသွားပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား (CNG) သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စက်မှုဖွံ့ဖြိုးရေးဆိုင်ရာလေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေပြည်သာစက်မှုဇုန်ရှိ Fair Sun Mould and Die Industry ၏ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် ပတ်သက်သည့် မိတ်ဆက်ရှင်းလင်းပြသခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သမဝါယမ)

စက်မှုလုပ်ငန်းများက လိုအပ်သောပစ္စည်းများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းဖြင့် စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်

ရန်ကုန် ဩဂုတ် ၂၆

စက်မှုဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရွှေပြည်သာစက်မှုဇုန်ရှိ Fair Sun Mould and Die Industry **ခန်းမ၌ ကျင်းပသော** Fair Sun Industry **က ထုတ်လုပ်ပေးနိုင်သည့် မိုနှင့်ဒိုင်များ၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် ပတ်သက်သည့် မိတ်ဆက်ရှင်းလင်းပြသခြင်း အခမ်းအနားသို့ တက်ရောက်သည်။**

အဆိုပါ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မြန်မာ့သဘော်ကျင်းလုပ်ငန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ မြန်မာ့မီးရထား၊ မြန်မာ့ အထည်အလိပ် လုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှု ဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက အခမ်းအနားသို့ တက်ရောက်လာကြသော စက်မှုလုပ်ငန်းနှင့် ပတ်သက်သည့်ပညာရှင်များနှင့်လုပ်ငန်းရှင်များအား Fair Sun Mould and Die စက်ရုံ၌ တပ်ဆင်ထားသည့် စက်များနှင့် ထုတ်လုပ်ပေးနိုင်သော ပစ္စည်းများ၊ထုတ်လုပ်နေမှုနှင့်ထုတ်လုပ်ပြီး ပစ္စည်းများကို ပြသသွားမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းရှင်များ၊ ပညာရှင်များအနေဖြင့် မိမိတို့လိုအပ်သည့် ပစ္စည်းများ၊ ရနိုင်သည့် အစိတ်အပိုင်းများ၊ မိုနှင့်ဒိုင်များနှင့် ပတ်သက်၍ အသေးစိတ် မေးမြန်းဆွေးနွေးစေလိုကြောင်း၊ ထုတ်လုပ်ပေးစေလိုသည့် အစိတ်အပိုင်းများနှင့် အကြံပြုချက်များကိုလည်း ဆွေးနွေးပေးစေလိုကြောင်းဖြင့် ရှင်းလင်း ဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်က မိမိတို့အဖွဲ့သည် စက်ပစ္စည်းကိရိယာစွမ်းရည်နှင့် နည်းပညာပြောင်းလဲမှုများကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရန်၊ ပြည်တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့်သွင်းကုန်အစားထိုးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားပြီး သံနှင့်သံမဏိလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်သည့် ကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် Fair Sun Mould and Die Industry မန်နေဂျင်းဒါရိုက်တာဒေါက်တာဖေခင်က စက်ရုံ၌ တပ်ဆင်ထားသော စက်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်ရုံက ထုတ်လုပ်နေသော စက်ပစ္စည်းရှစ်မျိုးဖြစ်သည့် Water Pump Housing၊ Oil Pump Bracket၊ Shock Absorber၊ Oil Pump Housing၊ Rocker Arm Support၊ Nozzle Holder၊ Prechamber၊ Idel Gear Shaft တို့ကိုလည်းကောင်း၊ စက်ရုံက ထုတ်လုပ်နေသော Foundry Machine ခြောက်မျိုးဖြစ်သည့် Sand Dryer Machine၊Sand Washing Machine၊ Shot Hanger Machine၊ Sand Cooler Machine၊ Shake Out Machine၊ Conveyor၊ Plastic Injection Mould အမျိုးမျိုးတို့ကိုလည်းကောင်း၊ ထပ်မံထုတ်လုပ်မည့် ပစ္စည်းကိုးမျိုးဖြစ်သော Band Saw Machine၊ Ban Saw Tip Brazing Machine၊ လွှသွေးစက်များ၊ရွှေပေါ်စက်များ၊ Hand Jointer Machine၊ Router Machine၊ Rice Huller Machine၊ Plate Machine၊ One Ton Battery Fork lift တို့ကိုလည်းကောင်း ဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စက်ရုံအတွင်းရှိ Coordinate Measuring Machine၊ Vertical CNC Machine Centre၊ အခြားစက်များနှင့် ထုတ်လုပ်ထားသောပစ္စည်းများကို လှည့်လည်ကြည့်ရှုကြရာ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာဖေခင်နှင့် စက်ရုံဒါရိုက်တာ ဦးသိန်းငွေတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် စက်ရုံခန်းမ၌ ပြန်လည်ဆွေးနွေးကြရာFair Sun Co., စက်ရုံဒါရိုက်တာဦးသိန်းငွေက စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ သွင်းကုန် အစားထိုးပစ္စည်းများ၊ ရော်ဘာမို ထုတ်လုပ်ပေးနိုင်မှုများကိုရှင်းလင်း တင်ပြသည်။

ဆက်လက်၍ Excellence Mineral Manufacturing Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းလှိုင်က ၎င်း၏စက်ရုံမှ အသေးဆုံးမူလီ Nut မှ ရှစ်ကီလိုဂရမ်ပစ္စည်းအထိအဆင့်မြင့်သံမဏိသံထည်ပစ္စည်းများကို ပုံလောင်းပေးနိုင်ကြောင်း၊ (၁၀)ဘီးယာဉ်၌ Fingure မောင်းတံများ ထုတ်လုပ်ပေးနိုင်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က Fair Sun စက်ရုံထုတ် မိုနှင့်ဒိုင်များ၊ စက်များ၏ စွမ်းဆောင်နိုင်မှုစွမ်းအားများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦးက အင်ဂျင်နီယာအသင်း၌ ဆောင်ရွက်နေပြီဖြစ်သော Pro Engineering Programming System နှင့် Vacumm Moulding Machine များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက စက်မှုလုပ်ငန်းများက လိုအပ်သောပစ္စည်းများကို ပေါင်းစပ် ညှိနှိုင်းပေးခြင်းဖြင့် စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက်အောင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ယခု Fair Sun Industry မှ မိုနှင့် ဒိုင် အမျိုးမျိုး၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းများအတွက် လိုအပ်သော စက်ကိရိယာများကို ထုတ်လုပ်ပေးနိုင်ပြီဖြစ်သကဲ့သို့ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် မန္တလေး၊ မုံရွာ၊ အေးသာယာ (တောင်ကြီး)တို့၌ တည်ထောင်ပြီးဖြစ်သော ပုဂ္ဂလိက သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ စက်ခုတ်စားစက်ရုံသုံးရုံတို့မှလည်း ရေခရူ၊ မူလီ (Pulley)၊ လယ်ယာသုံး သံထည်ပစ္စည်းများ၊ Fly Wheel များ၊ Brake Shoe များ၊ Brake Drum များ၊ Counter Weight များ၊ Water Pump များ၊ Dynamo Housing များ စသည်တို့ကို ထုတ်လုပ်ပေးနေပြီဖြစ်ကြောင်း၊ ဈေးကွက်လည်း စတင်ရရှိနေပြီဖြစ်ကြောင်း။

ပေါင်းစပ်ညှိနှိုင်း

နိုင်ငံအတွင်းရှိ စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများ၊ Fair Sun Mould and Die Industry နှင့် မန္တလေး၊ မုံရွာ၊ အေးသာယာ(တောင်ကြီး)တို့ရှိ သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ စက်ခုတ်စားစက်ရုံများ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်၍ စက်မှုလုပ်ငန်းများ ဆက်တိုက် တိုးတက်လာစေရန်၊ စက်ပစ္စည်းများ အမြောက်အမြား (Mass Production) ထုတ်လုပ်လာနိုင်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များက မိမိတို့လိုအပ်ချက်များကို ဆွေးနွေးခြင်း၊ အကြံကောင်းဉာဏ်ကောင်းများ ပေးခြင်းဖြင့် ပေါင်းစပ်ညှိနှိုင်းကြစေလိုကြောင်းဖြင့် နိဂုံးချုပ် ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ညီလာခံတက်ရောက်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ၂၀၀၅ခုနှစ် ဩဂုတ် ၂၉ရက်မှ စက်တင်ဘာ ၁ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ (၁၀)နှစ်မြောက် အထိမ်းအမှတ်ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ နာယကကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်မာထွန်း လိုက်ပါသွားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ (၁၀)နှစ်မြောက် အထိမ်းအမှတ်ညီလာခံသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်းရှိ တိုင်းရင်းဆေးဝါးရောင်းချသူများအား တိုင်းရင်းဆေးဝါးဥပဒေ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားမှုနှင့်အညီ ရန်ကုန်တိုင်း တိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီက တိုင်းရင်းဆေးဝါး ရောင်းချသူများအား တိုင်းရင်းဆေးဝါးဥပဒေ ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်တိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ဆေးဝါး/ ဥယျာဉ်) ဦးခင်မောင်ဝင်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးနှင့် တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံးတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း တိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်၊ ခရိုင်နှင့်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူးများနှင့် တိုင်းရင်းဆေးဝါးရောင်းချသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ဆေးဝါး/ဥယျာဉ်) ဦးခင်မောင်ဝင်းက တိုင်းရင်းဆေးဝါး ဥပဒေပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရေးကိုလည်းကောင်း၊ ရန်ကုန်တိုင်း တိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း တိုင်းရင်းဆေးပညာဦးစီး ဌာနမှူး ဒေါ်သန်းသန်းမြင့်က တိုင်းရင်းဆေးဝါး ဥပဒေ၏ ရည်ရွယ်ချက်နှင့် သိကောင်းစရာများကို လည်းကောင်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ဌာနခွဲမှူး ရဲမှူး အောင်ဝင်းက ဥပဒေမှ ပြဋ္ဌာန်းထားသော တားမြစ်ချက်နှင့် ပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တိုင်းရင်းဆေးဝါး ရောင်းချသူများ၏ မရှင်းလင်းသည့် မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။ (သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်းရှိ အမျိုးသားကျန်းမာရေးပြတိုက်၌ ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပသည်။ စာတမ်းဖတ်ပွဲတွင် ဗဟိုကျန်းမာရေးပညာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွဋ်က "ပတ်ဝန်းကျင်ရေးရာဆောင်ရွက်မှုများကို ဆန်းစစ်လေ့လာခြင်း" (Environmental Performence Assessment) ခေါင်းစဉ်ဖြင့်စာတမ်းဖတ်ကြားသည်။ အဆိုပါစာတမ်းဖတ်ပွဲကို လစဉ် နောက်ဆုံးပတ် သောကြာနေ့တိုင်း ကျင်းပသွားမည်ဖြစ်ပြီး စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း(၈၀) ဖြစ်သည်။

တီဘီရောဂါကာကွယ်ရေး အထောက်အကူပြု စီမံချက်နှင့်ပတ်သက်၍ အသိပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မည့် တီဘီရောဂါကာကွယ်ရေး အထောက်အကူပြု စီမံချက်နှင့်ပတ်သက်၍ အသိပေး ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စီမံချက်ဝင်မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(မြန်မာ) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Jonna Maclean တို့က အမှာစကားပြောကြားကြပြီး စီမံချက်အရာရှိ ဒေါက်တာခင်အေးမြင့်က လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် တီဘီရောဂါကာကွယ်ရေး အထောက်အကူပြုစီမံချက်ကို စက်တင်ဘာမှစ၍ ရန်ကုန်တိုင်း သာကေတမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့၌ ရှေ့ပြေးစမ်းသပ် ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်းဆင်း အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

အခြေခံဝန်ထမ်းလောင်း(အငယ်တန်း)သင်တန်း အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) စစ်ရေးပြကွင်း၌ကျင်းပရာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ် ဦးဝင်းမောင်အား ချီတက်အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းသူစံပြဆုကို သင်တန်းသူ အမှတ်(၁၂၃) ဒေါ်သဥ္ဇာနွယ် ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအားလည်းကောင်း၊ သင်တန်းသား စံပြဆုကို သင်တန်းသားအမှတ်(၁၄၂) ဦးသိန်းနိုင်ဦး ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအားလည်းကောင်း ချီးမြှင့်သည်။ (သတင်းစဉ်)

မြေမှာ စပါး
ရေမှာ ငါး
စိုက်မွေးအားထား
ပြည့်စီးပွား

လယ်ယာ(၁၆) လက်တွန်းထွန်စက် စွမ်းရည်ပြပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သော မြန်နှုန်းမြင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် စွမ်းရည်ပြပွဲ အခမ်းအနားကို မှုံရွာမြို့နယ် မင်းရွာစိုက်ကွင်း၌ ဩဂုတ် ၁၃ ရက်နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်၊ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မြ၊ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းဟန်၊ မုံရွာမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးလှိုင်တိုးနှင့် ဝန်ထမ်းများ၊ ဘုတလင်၊ အရာတော်နှင့် ချောင်းဦးမြို့နယ်တို့မှ စက်မှုလယ်ယာဦးစီးအရာရှိများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာများမှ တောင်သူဦးကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသောင်းဟန်က မြန်နှုန်းမြင့် လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်မြက အမှာစကားပြောကြားသည်။

ထို့နောက်တာဝန်ရှိသူများနှင့် တောင်သူဦးကြီးများသည် စက်မှုလယ်ယာဦးစီးဌာန၏ မြန်နှုန်းမြင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် စွမ်းရည်ပြမှုကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွှန့်လမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးဇင်-ဒေါ်ညွှန့်ခင်၊ အစ်ကို ဦးသန့်ဇင်တို့အား ရည်စူး၍ ဦးမောင်မောင်သိန်း-ဒေါ်ခင်ခင်လေး သား၊ သမီး မြေးတစ်စုက ငွေကျပ်နှစ်သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ချင်းတွင်းမြစ်ရေ ဆက်လက်တက်နေ စစ်တောင်းမြစ်ရေအနည်းငယ်ကျဆင်း

ရန်ကုန် ဩဂုတ် ၂၆

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ခြောက်နာရီခွဲအချိန် တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၂၉၀၆စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်တက်နေပြီး ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း စိုးရိမ်ရေမှတ် ၂၉၀၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ခြောက်နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၂၁စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းနေသော်လည်း ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း စိုးရိမ်ရေမှတ် ၁၀၇၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

ကော့ကရိတ်မြို့ပေါ်ရှိ စာသင်တိုက်ကြီးများအား ဆွမ်းဆန်တော်၊ ဆီနှင့်ဆားလှူဒါန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညိုလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

ကရင်ပြည်နယ် ကော့ကရိတ်မြို့ပေါ်ရှိ စာသင်တိုက်ကြီးများအား ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဆွမ်းဆန်တော်၊ ဆီနှင့် ဆား လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၂၂ရက် မွန်းလွဲပိုင်းတွင် ကော့ကရိတ်မြို့ ဇိနသုခလောကသရဖူ စေတီတော်ဝင်းအတွင်းရှိ သဟပုညကာရီဓမ္မဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညိုလှူဒါန်းသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုအမှူးပြုသော ပရိသတ်များ ကရင်ပြည်နယ် ကော့ကရိတ်မြို့ပေါ်ရှိ စာသင်တိုက်ကြီးများကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဆွမ်းဆန်တော်၊ ဆီနှင့် ဆားလှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ကော့ကရိတ်မြို့ ရွှေကြက်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တမာဏဝထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ကော့ကရိတ်မြို့ ရွှေကြက်မင်း ကျောင်းဆရာတော် ဘဒ္ဒန္တမာဏဝ၊ ကရင်ပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ကော့ကရိတ်မြို့ မြို့မကျောင်းဆရာတော် ဘဒ္ဒန္တထေရိန္ဒ အမှူးပြုတော်မူသော မြို့နယ်သံဃနာယက ဆရာတော်များ၊ စာသင်တိုက်ကြီးများမှ ဆရာတော်များ ကြွရောက်တော်မူကြပြီး အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်ပူဇော်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဇိနသုခလောကသရဖူစေတီတော် ဥတ္တရကုရုဆောင်၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်အား ဆီမီး အလင်းတိုင်များ ထွန်းညှိဆက်ကပ် ပူဇော် ကြည်ညိုသည်။

ငါးပါးသီလခံယူ

ထို့နောက် အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို အမှူးပြုသော ပရိသတ်များက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ကော့ကရိတ်မြို့ ရွှေကြက်မင်းကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေကြက်မင်းကျောင်း ဆရာတော်အား ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆွမ်းဆန်တော်၊ ဆီနှင့် ဆားတို့ကို လည်းကောင်း၊ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မောင်ရှိန်၊ ပြည်နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော် ဆောင် ဆရာတော်နှင့် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေကြက်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တမာဏဝထံမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ပရိသတ်များ က အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော် များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ယနေ့အခမ်းအနားတွင် ကော့ကရိတ် မြို့ပေါ်ရှိ စာသင်တိုက်ကြီးများအား ကရင်ပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဆွမ်းဆန်တော်အိတ် ၅၀၊ ဆီ ၂၁ပိဿာ၊ ဆားတစ်အိတ်နှင့် သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ခြင်းဖြစ်သည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနသို့ အလှူငွေနှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

သာသနာရေးဝန်ကြီးဌာနသို့ အလှူငွေနှင့် ကျောင်းသုံး စာရေးကိရိယာများလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ်၂၄ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူငွေနှင့် ကျောင်းသုံး စာရေး ကိရိယာများကို လက်ခံပြီး အလှူရှင်များအား သာသနာပြုအလှူတော်မင်္ဂလာ မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ပြန်လည် ပေးအပ်သည်။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေး ဝန်ကြီးဌာနသို့ အလှူငွေနှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပွဲ အခမ်း အနားတွင် အလှူရှင်တစ်ဦးက လှူဒါန်းသောအလှူငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ညွှန်ကြားရေးမှူး များ၊ အလှူရှင်များ တက်ရောက်ကြ သည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဝိသုဒ္ဓါ ရာမချမ်းမြေ့ သာယာအေးကျောင်း ဆရာတော် ဘဒ္ဒန္တကုမာရထံမှ ငါးပါး သီလခံယူဆောက်တည်ကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဆရာတော် အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် မိဘများဖြစ်ကြသော ဦးမြင့်နှင့် ဒေါ်တင်မြတို့အား ရည်စူး၍ ဒေါ်အေးအေးခန့်၊ သား မောင်အောင် နိုင်ဦး၊ မောင်မင်းမင်းနှင့်သမီး မအေးမြ ခိုင်(Top Top JEWELRY)မိသားစု က သာသနာရေးရာ လုပ်ငန်းများ တွင် အသုံးပြုရန် ငွေကျပ် ၁၀သိန်း နှင့် ပတ္တမြားဘုရားတစ်ဆူတို့ကို လည်းကောင်း၊ ဦးတင်အောင်-ဒေါ်လှ လှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း) က တောင်တန်းသာသနာပြု ကျောင်း များအတွက် ငွေကျပ်ငါးသိန်းနှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း များအတွက် ငွေကျပ်ငါးသိန်းတို့ကို လည်းကောင်း၊ သီဟသုဓမ္မမဏိ ဇောတ ဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်း နိုင်-သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည် ဆွေ(သမ္မတသင်္ကန်းတိုက်) မိသားစုက ဘုန်းတော်ကြီးသင် ပညာရေးကျောင်း များတွင် အသုံးပြုရန် စုစုပေါင်းငွေကျပ် ၁၀သိန်းတန်ဖိုးရှိ ဘောလ်ပင် အချောင်း ၆၀၀၀၊ ခဲတံအချောင်း ၁၀၈၀၀နှင့် ကျောင်းသုံးစာအုပ် ၁၀၈၀၀တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး အလှူရှင်များအား သာသနာပြု အလှူတော်မင်္ဂလာမှတ်တမ်းတင် ဂုဏ်ပြုလွှာ များကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် သန်လျင်မြို့နယ် သံဃ နာယက အဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစက ပဏ္ဍိတ ဝိသုဒ္ဓါရာမချမ်းမြေ့ သာယာ အေးကျောင်း ဆရာတော် ဘဒ္ဒန္တကုမာရ ထံမှ ရေစက်ချအနုမောဒနာ တရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် -မြန်မာပြည်သားအရှင်ပုဏ္ဏ**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- **၄:၃၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -The Purpose of Accounting and Double Entry Book-Keeping. (ပထမနှစ်-စီးပွားရေးပညာ)**
- **၅:၃၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၀** ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၅၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၁၂)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **"English Premier" League ဘောလုံးပွဲ -Tottenham Hotspur Vs Chelsea (Delay)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

ဘတ္လာ/ အခွန် ကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၀၅ခုနှစ် ဒုတိယအကြိမ်ဌာနပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက ကျုံးကြီးလမ်းရှိ အမျိုးသား ကြက်တောင် အားကစားခန်းမတွင် ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဗဟိုအားကစား ကော်မတီ နာယက ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါ်ခင်သန်းဝင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့်ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဝန်ကြီးဌာန လက်အောက်ရှိ ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦး ဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်း)နှင့် အမှုဆောင်များ၊ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစား ဝါသနာရှင်များ တက်ရောက်အားပေး ကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်အပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၏ဇနီးက အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း အောင်နိုင်ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက အမျိုးသားနှစ်ယောက် တွဲပြိုင်ပွဲဆုရရှိသူများကို လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ၏ဇနီးက အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း အောင် နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီ နာယက ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆုရရှိသူ များကိုလည်းကောင်း၊ အသင်းလိုက် တံခွန်စိုက်ဆုရရှိသော မြန်မာ့ရင်းနှီး မြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်အသင်းအား တံခွန်စိုက်ဆုဖလား နှင့် ဆင့်ပွားဆုဖလားကိုလည်းကောင်း ပေးအပ် ချီးမြှင့်သည်။ (ကြေးမုံ)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီနာယက ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အသင်းလိုက်ပထမဆုရ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းနေ အဘိုးဖြစ်သူ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ အဏ္ဏဝါဦးသန်းအောင်အား အမှူးထားပြီး မိခင်ကြီး ဒေါ်ခင်မာရီ၊ သမီး မခိုင်ဇာလွင် (ခ)ဂျူးဂျူး မိသားစုတို့က ကွယ်လွန်သူ အဘိုးဦးချစ်ကြွယ်၊ ဖခင်ဦးအောင်လွင်၊ အစ်ကို ကျော်ကျော် အောင်တို့အားရည်စူး၍ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တစ်ပြည်လုံးတွင် မိုးလျော့နည်းမည်

ရန်ကုန် ဩဂုတ် ၂၆

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

ဩဂုတ် ၂၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် မိုးလျော့နည်းမည်။

မိုးလေဝသဆက်သွယ်ရေး အဆင့်မြင့်ကိရိယာနှင့် အလိုအလျောက် မိုးလေဝသတိုင်းကိရိယာ လွှဲပြောင်းပေးအပ်

ရန်ကုန် ဩဂုတ် ၂၆

မိုးလေဝသ ဆက်သွယ်ရေးအဆင့်မြင့်ကိရိယာနှင့် အလိုအလျောက် မိုးလေဝသတိုင်းကိရိယာ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံလှသော်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ပထမ အတွင်းဝန် မစ္စ ရှုကွင်ယန်တို့က လွှဲပြောင်းသည့်စာလွှာကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ မိုးလေဝသ ဆက်သွယ်ရေး အဆင့်မြင့်ကိရိယာနှင့် အလိုအလျောက် မိုးလေဝသတိုင်း ကိရိယာတို့၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၁၂၀ဖြစ်ပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ စေတနာအလျောက် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။ (သတင်းစဉ်)

ဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ အထွေထွေရောဂါကု ဆရာဝန်များ အဖွဲ့ကကြီးမှူး၍ အထွေထွေရောဂါ/မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Continuing Professional Development CPD Forum for General Practice Family Medicine) နှင့် သွေးလွန်တုပ်ကွေးနှင့် ကာကွယ်ဆေးများ ထိုးနှံခြင်းအကြောင်းတို့ကို ဩဂုတ် ၃၁ရက် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

အာဟာရကျွေးမွေး

မုဒုံမြို့နယ် ကော့ခလွယ်မူလတန်းကျောင်းတွင် ဩဂုတ် ၁၈ရက်က ကျောင်းကျန်းမာရေး ရက်သတ္တပတ်အဖြစ် ဦးညီညီထွန်း၊ ဒေါ်ခင်အေးမူ မိသားစုက ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးစဉ်။ (ပညာရေး)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၆-၈-၂၀၀၅)

ပူတာအို	- ၅ ဒသမ ၃၅ လက်မ
မောင်တော	- ၂ ဒသမ ၅၂ လက်မ
ဘားအံ	- ၁ ဒသမ ၇၃ လက်မ
ပင်လောင်း	- ၀ ဒသမ ၉၄ လက်မ
ပျဉ်းမနား	- ၀ ဒသမ ၉၁ လက်မ
နမ့်ဆန်	- ၀ ဒသမ ၉၀ လက်မ

ရန်ကုန်တိုင်း အေး ချမ်း သာယာ ရေး နှင့် ဖွံ့ ဖြိုး ရေး ကောင်စီ ဥက္ကဋ္ဌ ဖလား ဒုတိယ အကြိမ်မြောက် မြို့နယ်ပေါင်းစုံ တံ ခွန် စိုက် အလေးမ ပြိုင်ပွဲ ဆု ချီး မြှင့် ပွဲ အခမ်း အနား ကို ဩဂုတ် ၂၅ ရက်က ရန်ကုန် မြို့ အောင်ဆန်း အား ကစားပြိုင် ဝင်းမိုးလုံလေလုံ အား ကစားရုံ၌ ကျင်း ပ ရာ

ရန်ကုန်တိုင်းအလေးမဆပ်ကော်မတီဥက္ကဋ္ဌဦးအောင်ခိုင်(စိုးမိုးကျော်)က ဗိုလ်စွဲသွားသည့် လှိုင်မြို့နယ် အလေးမအသင်းအား တံခွန်စိုက်ဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် ဗိုလ်လုပွဲတက် စွမ်းအင်အသင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၅-၂၀၀၆ဘောလုံးရာသီမြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ အဖြစ် စွမ်းအင်အသင်းနှင့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဘဏ္ဍာ/အခွန်အသင်း ငါးဂိုး။
(ထွန်းထွန်းဝင်း-သုံးဂိုး၊ ဇော်ထိုက်နှင့်လင်းလင်းဦး- တစ်ဂိုးစီ။)

စွမ်းအင်အသင်း တစ်ဂိုး။
(လှိုင်မင်းအောင်)

ဒိုင်လူကြီး ဦးဝင်းဦး။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကဂိုးရရှိအောင် ဖန်တီးနိုင်ခြင်း၊ အပြီးသတ်ဂိုးသွင်း သေချာခြင်းတို့ကြောင့် ဂိုးပြတ်အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။

ပထမပိုင်း

ဘဏ္ဍာ/အခွန် အသင်းအတွက် အဖွင့်ဂိုးကို ၁၄မိနစ်တွင် ဇော်ထိုက်၊ မျိုးလှိုင်ဝင်းနှင့် စွမ်းအင်နောက်ခံလူများက ခေါင်းတိုက်ရာမှ ပြန်ကျလာသောဘောလုံးကို ထွန်းထွန်းဝင်းက ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဆက်တိုက်ဆိုသလိုပင် ဘဏ္ဍာ/အခွန် ဖိကစားရာမှ ၃၉မိနစ်တွင် ထွန်းထွန်းဝင်းပေးသော ဘောလုံးကို တိုက်စစ်မှူး ဇော်ထိုက်က သွင်းယူခဲ့သဖြင့် ပထမပိုင်း အပြီးတွင် ဘဏ္ဍာ/အခွန်က နှစ်ဂိုး အသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် စွမ်းအင်အသင်းက ချေပဂိုးရရှိရန် ကြိုးစားလာသော်လည်း ၁၇မိနစ်တွင် ဝေယံမောင် နှစ်ဝါ၊ တစ်နီဖြင့် အထုတ်ခံရ၍ အားလျော့သွားကာ ဘဏ္ဍာ/အခွန်က ပိုမိုဖိကစားနိုင်ခဲ့သည်။ မိနစ် ၂၀တွင် ထွန်းထွန်းဝင်းက အဝေးမှအမှတ်မထင်ကန်သွင်းလိုက်၍ ဘဏ္ဍာ/အခွန်အသင်း တတိယဂိုးရရှိသွားသည်။ စွမ်းအင်အသင်းကလည်း အခွင့်အရေး ရသည် ဆိုသည်နှင့် တိုက်စစ်ဆင် ကစားသော်လည်း အပြီးသတ်ဂိုးသွင်းမသေချာ၍ မိနစ် ၃၀ကျမှ တစ်လုံးတည်းသော ချေပဂိုး ရရှိခဲ့သည်။ ဇော်ထက်အောင် ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းရာ ဘဏ္ဍာ/အခွန် နောက်ခံလူများနှင့် ထိပြီးထွက်လာစဉ် လှိုင်မင်းအောင်က အပိုင်ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲတက်

ဂိုးပေးလိုက်ရ၍ ဘဏ္ဍာ/အခွန် ကစားအား ချက်ချင်းမြှင့်တင်ပြီး ဂိုးထပ်မံရရှိရေး နေရာစုံ၊ ထောင့်စုံမှ ကြိုးစားလာရာ ၃၂မိနစ်တွင် လင်းလင်းဦးကစတုတ္ထဂိုး၊ ၃၉မိနစ်တွင် ထွန်းထွန်းဝင်းက ပဉ္စမနှင့်ပွဲသိမ်းဂိုးကို သွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်က ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်သွားသည်။

ယနေ့ပွဲမရှိ

(၂၈-၈-၂၀၀၅)
ညနေ ၃နာရီ
အောင်ဆန်းကွင်း
(ဒုတိယအကြိုဗိုလ်လုပွဲ)
တံခွန် နှင့် ကမ္ဘောဇ
(ကြေးမုံ)

ဘဏ္ဍာ/အခွန် အသင်းအတွက် သုံးဂိုးသွင်းယူခဲ့သူ ထွန်းထွန်းဝင်း စွမ်းအင်နောက်ခံလူ အောင်ကျော်မိုး ဖျက်ထုတ်သည့်ကြားမှ ထိုးဖောက်တိုက်စစ်ဆင်စဉ်။ (ကြေးမုံ)

ကရင်ပြည်နယ်သည် ယခုအခါ တည်ငြိမ်အေးချမ်းမှုရရှိ ခေတ်အဆက်ဆက် မဖွံ့ဖြိုးခဲ့သောဒေသများ ဖွံ့ဖြိုးတိုးတက် တိုင်းရင်းသား ပြည်သူအားလုံးသည် နိုင်ငံတော်၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ချောင်းတောင်ကျေးရွာ၌ ကျင်းပသော ကရင်ပြည်နယ်၏ ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါး ထွန်တုံးပိတ်ပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားတွင် ထွန်တုံးပိတ်စပေါင်းစိုက်ပျိုးသရုပ်ပြမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ဇော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ချောင်းတောင်ကျေးရွာ၌ ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင်ကျင်းပသော ကရင်ပြည်နယ်၏ ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

စိုက်ပျိုးနိုင်

အခမ်းအနားတွင် ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ဇော်က ကရင်ပြည်နယ်၌ မိုးစပါးစိုက်ပျိုးမှုကို ဇွန် ၁၅ရက်မှ စက်တင်ဘာ ၁၅ရက်အထိ ဆောင်ရွက်ရန် လျာထားခဲ့ရာ ယခု ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးဧက ၄၅၁၀၅၇ဧက စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ရေတော်မိုးတော် စိုက်ပျိုးမှုအနေဖြင့် ဧက ၃၂၈၁၀၀ လျာထားသော်လည်း ၃၃၂၁၅၆ဧက၊ ရာခိုင်နှုန်းအားဖြင့် ၁၀၁ဒသမ ၂၄ရာခိုင်နှုန်းအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် စပါးကို ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်သော နည်းလမ်းလေးသွယ်ဖြင့် စည်းရုံးစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❋

ကြေးမုံ
The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ *ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းများထက်မြက်ရေး၊ ခံယူချက်၊ ယုံကြည်ချက်၊ သဘောတရား အတွေးအခေါ် အယူအဆများ တိုးတက်မြင့်မားလာရေး အတွက် သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်ပျိုးထောင်ပေးမှုများတွင် အခြေခံသတင်းစာပညာသင်တန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်။*

(ခေါင်းကြီး) စာမျက်နှာ-၂

☆ *တိုင်းပြည်အများစုတွင် အသက် (၆၀) အထက် လူဦးရေ၏ ထက်ဝက်ခန့်သည် သွေးတိုးရောဂါရှိနိုင်သည်။ ယင်းဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ဆေးကုသမှု ခံယူနေကြပြီး ၎င်းတို့၏ ၁၂ရာခိုင်နှုန်းမျှသာ သွေးတိုးရောဂါကို ထိန်းချုပ်ထားနိုင်သည်။*

ဇမ္ဗူစိန်(ဆေး-၂)၏

"ဆင်ခြင်ဂရုပြုဖွယ် သွေးတိုးရောဂါ အန္တရာယ်"

ဆောင်းပါး (စာမျက်နှာ-၆)

ယာဉ်တိုက်ခိုက်မှု လျော့နည်းရုံမက လူအများ ထိခိုက်မှုလျော့နည်းရေး ခရီးသွားပြည်သူများ ယာဉ်စီးနင်းမှု စနစ်တကျရှိအောင် ထိန်းသိမ်း

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❐